မြောက်ပိုင်းမဟာမိတ် လေးဖွဲ့၏ မူဆယ်တွေ့ဆုံပွဲမှ ရလဒ်သည် **NCA** အတွက် ပွင့်လာသော တံခါးတစ်ချပ်ဖြစ်ဟု **PCG** သုံးသပ်

စာ .. ၁၁ သို့ »

ကချင်ကတော် မဖြစ်ခဲ့ရသည့် **လှိုင်**

စာ .. ၈ သို့ »

ကချင်ပြည်နယ် ပါတီသုံးခု ပေါင်းစည်းထားသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ** တည်ထောင်ခွင့်ရရှိ

စာ .. ၅ သို့ »


# မြစ်ကြီးနားသတင်းဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၁၄) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( မေ ၆ ၊ ၂၀၁၉ )

EVERY MONDAY | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


## လီဆူနှင့် ရှမ်းမျိုးနွယ်စုများ ပူးပေါင်းပြီး

# ကေအိုင်အေ ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်




## ငှက်ပျောခြံ လုပ်သားများ

လုပ်အားခ မရကြ၍ အခက်တွေ့

စာ .. ၁၀ သို့ »

ချီဖွေမှ အမျိုးသားတစ်ဦးကို မြစ်ကြီးနားသတင်းဂျာနယ် အမည်ဖြင့်

## ငွေအစမ့်တောင်းခံမှု

စာ .. ၄ သို့ »

နန်ဆန်ယန်ကျေးရွာမှ

## စစ်ဘေးရှောင် ပြည်သူများ

တတိယအသုတ် နေရပ်ပြန်

စာ .. ၁၇ သို့ »

## လီဆူတိုင်းရင်းသားများအပေါ် နိုင်ထက်စီးနင်းပြုမှုကို မကျေနပ်၍

# ကေအိုင်အိုကို ဆန္ဒပြရန်

## ဒူးလေးပါတီ စီစဉ်နေ


ဓာတ်ပုံ – Salai

ဥက္ကဋ္ဌ ဦးရွှေမင်း

မေ ၁

ကချင်လွတ်မြောက်ရေးအဖွဲ့(KIO/KIA)က လီဆူတိုင်းရင်းသားများ အပေါ် နိုင်ထက်စီးနင်း ပြုကျင့်နေသဖြင့် မြစ်ကြီးနားမြို့တွင် ယခုလအတွင်း ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်သွားမည်ဟု လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)ဥက္ကဋ္ဌ ဦးရွှေမင်းက ပြောသည်။

ကေအိုင်အို/ ကေအိုင်အေသည် မိမိတို့လီဆူလူမျိုးများအပေါ် မတရားညှဉ်းပန်းနှိပ်စက်မှုများ၊ သတ်ဖြတ်မှုများ ဆောင်ရွက်နေသဖြင့် အဆိုပါ ကိစ္စရပ်များအပေါ် တာဝန်ယူဆောင်ရွက်ပေးရန် ဆန္ဒပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ဦးရွှေမင်းက ပြောသည်။

"ကေအိုင်အေ/ ကေအိုင်အိုတို့ရဲ့ ကျွန်တော်တို့ လီဆူလူမျိုးအပေါ် မတရားညှဉ်းပမ်းနှိပ်စက် သတ်ဖြတ်မှု၊ လက်နက်ကိုင်ပြီး အနိုင်ကျင့်မှု. . ဒါတွေကိုရပ်တန်းက ရပ်နိုင်ဖို့နဲ့ နောက်ဆုံး ကေအိုင်အေ မကောင်းရင်လည်း မကောင်းတဲ့အကြောင်း၊ အလိုမရှိရင်လည်း မရှိတဲ့အကြောင်း၊ အလိုရှိရင်လည်း ရှိတဲ့အကြောင်း ကျွန်တော်တို့ ထုတ်ဖော်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကို ဘယ်လိုလုပ်ပေးပါဆိုတဲ့ တောင်းဆိုချက်ပါဝင်သွားမှာပါ"ဟု ဦးရွှေမင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

၎င်းတို့ပါတီ အနေဖြင့် ဆန္ဒထုတ်ဖော်မည့် နေ့ရက်ကို အတိအကျမသိရှိရသေးဘဲ မေလ ၄ ရက်နေ့တွင် ပါတီတွင်း အစည်းအဝေး ထပ်မံပြုလုပ်ပြီး ရက်သတ်မှတ်သွားမည်ဟုလည်း ဆိုသည်။

သို့သော် ဆန္ဒမထုတ်ဖော်မီ ကာလအတွင်း ကေအိုင်အို/ကေအိုင်အေ ဗဟိုအဖွဲ့မှ မိမိတို့လီဆူလူမျိုးများပေါ် တစ်စုံတစ်ရာ တောင်းပန်မှုမျိုး၊ တာဝန်ယူ တာဝန်ခံမှုမျိုးနှင့် နစ်နာခဲ့သည့် မိသားစုဝင်များထံ ဆောင်ရွက်ပေးသင့်သည့် အပိုင်းများကို ဆောင်ရွက်ပေးပါက ဆန္ဒဖော်ထုတ်မည့် အစီအစဉ် အပြောင်းအလဲရှိနိုင်ကြောင်းလည်း ၎င်းက ထပ်မံပြောဆိုသည်။


"သူတို့ ကေအိုင်အို/ ကေအိုင်အေ ဗဟိုအနေနဲ့ ဒါကို စဉ်းစားလိမ့်မယ်။ သူတို့ရဲ့ ရဲဘော်တွေ၊ အောက်ခြေက လုပ်ရပ်တွေကို တာဝန်ယူစိတ် အသိစိတ်နဲ့လုပ်ဆောင်သွားလိမ့်မယ် လို့ ကျွန်တော် မျှော်လင့်ပါတယ်။ လုပ်ဆောင်သွားဖို့လည်း ကျွန်တော် တိုက်တွန်းပါတယ်။ သူတို့ ဗဟိုကနေ လုပ်ဆောင်သွားမယ်ဆိုရင် ဒီမီးဟာ ငြိမ်းသွားမှာ ဖြစ်ပါတယ်။ နောက်ထပ်လည်း ကျွန်တော်တို့ ရှမ်းနဲ့လီဆူတွေ ဒီလိုအငြင်းပွားဖို့ တစ်ဦးနဲ့တစ်ဦး ဆန္ဒပြဖို့ ဒါတွေလည်း ဖြစ်ပေါ်လာစရာအကြောင်း မရှိပါဘူး။ အဓိက ဒီကနေ့ ဖြစ်ပေါ်နေတဲ့အကြောင်းအရင်းက ကချင်အုပ်စုဝင် အတွင်းထဲမှာဖြစ်ပေါ်နေတဲ့ အကြောင်းတရားအားလုံးသည်လည်း ကေအိုင်အို/ ကေအိုင်အေကနေပဲအခြေခံပြီး ဖြစ်ပေါ်လာတာဖြစ်တယ်"ဟု ဦးရွှေမင်းက ပြောသည်။

လီဆူ လူမျိုးများနှင့် ရှမ်းမျိုးနွယ် ပြည်သူများအပေါ် မတရားဖမ်းဆီး ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းကို ဆန့်ကျင်ရှုတ်ချသည့်အနေဖြင့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)နှင့် ရှမ်းမျိုးနွယ်စုအဖွဲ့တို့ ပူးပေါင်းပြီး မြစ်ကြီးနားမြို့ရှိ Cartel ဟိုတယ်တွင် ဧပြီလ ၂၉ ရက်နေ့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ပြောဆိုခြင်း ဖြစ်သည်။

ဆန္ဒ ထုတ်ဖော်ရာတွင်လည်း ရှမ်း၊ လော်ဝေါ်၊ လာချိတ် လူမျိုးစုများနှင့်လည်း ချိတ်ဆက်ကာ ပါဝင်နိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဟုလည်း ၎င်းကပြောသည်။■

Salai



# လီဆူနှင့် ရှမ်းမျိုးနွယ်စုများ ပူးပေါင်းပြီး

# ကေအိုင်အေ ဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ်



ဓာတ်ပုံ – Salai

မေ ၃

ကေအိုင်အို/ ကေအိုင်အေ အဖွဲ့က လီဆူလူမျိုးနှင့် ရှမ်းမျိုးနွယ်စု ပြည်သူများအပေါ် မတရားဖမ်းဆီးညှဉ်းပန်း နှိပ်စက်အကြမ်းဖက်သတ်ဖြတ်ခြင်းတို့ကို ဆန့်ကျင် ရှုတ်ချသည့်အနေဖြင့် မြစ်ကြီးနားမြို့ရှိ Cartel ဟိုတယ်တွင် ဧပြီလ ၂၉ ရက်နေ့က သတင်းစာရှင်းလင်းပွဲ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)နှင့် မြန်မာပြည်မြောက်ပိုင်း သျှမ်းမျိုးနွယ်စုရေးရာအဖွဲ့တို့ ပူးပေါင်းကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြုလုပ်ခြင်းသည် မိမိတို့အနေဖြင့် သွေးထိုးလှုံ့ဆော်နေခြင်းမျိုး မဟုတ်ဘဲ ပြည်သူလူထုအပေါ် မတရား အနိုင်ကျင့်သည်ကို မခံမရပ်နိုင်သဖြင့် ယခုကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ဒူးလေးပါတီဥက္ကဋ္ဌ ဦးရွှေမင်းက ပြောသည်။

"သတင်းစာ ရှင်းလင်းပွဲလုပ်ရတဲ့ ရည်ရွယ်ချက်က လူထုအပေါ် လက်နက်ပြလက်နက်အားကိုးပြီး အနိုင်ကျင့်မှုများ မဖြစ်ပေါ်စေရေးနဲ့ ကျွန်တော်တို့ တော်လှန်ရေးဆိုတော်လှန်ရေးအသွင်ဆောင်ဖို့ အခုက တော်လှန်ရေးမဟုတ်ဘဲ အကြမ်းဖက်တွေ ဖြစ်လာတယ်။ ပြည်သူကို အကြမ်းဖက်တာ ဒါ အကြမ်းဖက်တာပဲ လက်နက်ကိုင်တွေအချင်းချင်းဖြစ်တာ ဘာမှမပြောလိုဘူး . . တိုက်ကြပါ။ တော်လှန်ရေးကို လက်ခံတယ်။ သို့သော် ကနေ့လုပ်ရပ်သည် တော်လှန်ရေးမဟုတ်ဘူး။ ကနေ့လုပ်ရပ်သည် ပြည်သူလူထုဆူပူလာစေဖို့ အတွက် သောင်းကျန်းပြီး လုပ်သလို အပြစ်မဲ့ပြည်သူများကို ရက်ရက်စက်စက် အကြမ်းဖက်သတ်ဖြတ်ခြင်း ဒီလိုပဲ ကျွန်တော်တို့ သတ်မှတ်မှာ ဖြစ်တယ်"ဟု ဦးရွှေမင်းက အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုသည်။

လက်ရှိ လီဆူတိုင်းရင်းသားများအပေါ် ညှဉ်းပန်းနှိပ်စက်နေမှု၊ လတ်တလောဖြစ်ပေါ်နေသည့် ကိစ္စများနှင့် ၂၀၁၆ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ကိစ္စများကို ကေအိုင်အို/ကေအိုင်အေမှ တရားဝင်တောင်းပန်ခြင်း မရှိသလို ဖြေရှင်းပေးခဲ့ခြင်းလည်း မရှိသဖြင့် ယခုကဲ့သို့ ထပ်ဆင့်ပြောဆိုနေခြင်းဖြစ်သည်ဟုလည်း ဦးရွှေမင်းက ပြောသည်။

ကေအိုင်အို/ ကေအိုင်အေ ဗဟိုအနေဖြင့် ၎င်းတို့ရဲဘော်များ၏ အောက်ခြေမှ လုပ်ရပ်များကို တာဝန်ယူစိတ်ဖြင့် မိမိတို့ လိုချင်သည့် အချက်များကို ဆောင်ရွက်ပေးပါက လီဆူလူမျိုးများနှင့် ကေအိုင်အို/ ကေအိုင်အေတို့ ကြားရှိနေသည့် မီးသည် ငြိမ်းသွားမည်ဖြစ်ပြီး ကေအိုင်အို/ကေအိုင်အေကို အထူး ကျေးဇူးတင်သွားမည်ဖြစ်ကြောင်း အချက် ၄ ချက်ဖြင့် ဦးရွှေမင်းက တောင်းဆိုခဲ့သည်။

"အဓိက သတ်ဖြတ်ခံရတဲ့သူတွေ နှိပ်စက်ခံရတဲ့သူတွေအတွက် တရားဝင် ကေအိုင်အို/ကေအိုင်အေ ဘက်ကနေ တရားဝင်တောင်းပန်ပေးရမယ် . . (၁) အချက်က။ (၂)အချက်က နောင်အနာဂတ် ရှေ့ရေးမှာ ဒီလိုမဖြစ်ဖို့အတွက် သူတို့ တာဝန်ယူပြီး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားမယ့် ကတိစကားကို လိုချင်တယ်။ (၃)အချက်ကတော့ နစ်နာသွားတဲ့ သေဆုံးသွားသူများရဲ့ မိသားစုဝင်များကို နစ်နာကြေးနဲ့ သူတို့လူမှုရေးကိစ္စတွေ ဆောင်ရွက်နိုင်ဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့။ (၄)အချက်ကတော့ တပ်သားသစ် စုဆောင်းရေး ဖြစ်ပါတယ်။ တပ်သားသစ် စုဆောင်းတဲ့နေရာမှာ စည်းရုံးပြီး စုဆောင်းတာ ဘာမှမပြောလိုပါဘူး။ တကယ်လို့ စည်းရုံးပြီးသာပါသွားရင် ကျွန်တော့်သားလည်း ခေါ်သွားပါ။ ကျွန်တော့် အမျိုးသမီးလည်း ခေါ်သွားပါ။ ပွင့်ပွင့်လင်းလင်း ပြောပါတယ်။ သို့သော် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်၊ ငွေညှစ်၊ တပ်သားစုဆောင်းခြင်းမျိုး မလုပ်ဖို့၊ ဒါတွေကို တာဝန်ယူပြီး ကြီးကြပ် ဆောင်ရွက်သွားပေးမယ်ဆိုရင် ဒီကိစ္စတွေ ပြေလည်ပြီးတော့ ကျွန်တော်တို့လည်း ကေအိုင်အို/ ကေအိုင်အေ ဗဟိုကိုအများကြီး ကျေးဇူးတင်သွားမှာဖြစ်ပါတယ်"ဟု ဦးရွှေမင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မြန်မာပြည် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုရေးရာ အဖွဲ့ဥက္ကဋ္ဌဖြစ်သူ ဦးစိုင်းဆန်းဝေကလည်း လူမျိုးတစ်ခုနဲ့တစ်

စာ .. ၄ သို့ »



မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေ

**Website Design**
La Tawng,

**Graphic Design, သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

## ချီဖွေမှ အမျိုးသားတစ်ဦးကို မြစ်ကြီးနားသတင်းဂျာနယ် အမည်ဖြင့်

# ငွေအဓမ္မတောင်းခံမှု

မြစ်ကြီးနား၊ မေ ၃

ချီဖွေမြို့နယ်၊ ရစ်လော်ရပ်ကွက်နေ ဦးခေါင်ဟောင်းထံသို့ အမည်မသိလူတစ်ဦးမှ ဖုန်းဆက်၍ ငွေတောင်းခံမှုများ ရှိနေကြောင်း သိရသည်။

ယင်းသို့ ငွေတောင်းခံရာတွင် ဧပြီလ ၃၀ ရက်နေ့က ကျပ်သိန်း ၄၀၀ တောင်းခံခဲ့ကြောင်း သိရပြီး ထိုငွေကို ပို့ပေးမည်ဆိုလျှင် မြစ်ကြီးနားသတင်းဂျာနယ်မှ တစ်ဆင့် ဆက်သွယ်ကာ လွဲပေးရန် ပြောဆိုခဲ့ကြောင်း ဦးခေါင်ဟောင်းက ပြောသည်။

"လွန်ခဲ့တဲ့ မတ်လမှာလည်း တစ်ခေါက်ဖြစ်တယ်။ ကျွန်တော်ကို တိုက်ရိုက်ဆက်တာတော့ မဟုတ်ဘူး။ ကျွန်တော့်အသိ (ရွှေလီထမင်းဆိုင်)ဆီကို ဆက်ခဲ့တာ။ အခုကျတော့ အသင်းတော်မှာ သင်းထောက်တာဝန်ထမ်းဆောင်နေတဲ့ ဦးလေးတစ်ယောက် ဆက်ခဲ့တာပေါ့။ နာမည်က ဦးဒိုင်ခေါင်လို့ခေါ်တယ်။ ပေးမယ်ဆိုရင်တော့ မြစ်ကြီးနားဂျာနယ်ကို ဆက်သွယ်ပြီးမှ ဘယ်ရက်ပေးမယ် ဆိုတာ ပြောပေးပါဆိုပြီး ပြောသွားတယ်တဲ့။ ကျွန်တော်က ဘယ်သူ့ကို အကြွေးပေးရမှာလဲ။ ယူရမယ့်ဟာတောင် မယူဘူး"ဟု ဦးခေါင်ဟောင်းက ဖုန်းဖြင့် မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အထက်ပါကိစ္စနှင့် ပတ်သက်ပြီး မြစ်ကြီးနားသတင်းဂျာနယ် အမှုဆောင်အရာရှိချုပ်(၂)ဦးဇော်ခွန်းက မိမိတို့ဂျာနယ်အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ငွေရေးကြေးရေးတောင်းခံစေမှု မရှိကြောင်း၊ ဂျာနယ်အနေဖြင့်သတင်းမှန်ဖော်ပြရေးအတွက် အစဉ်တစိုက် လုပ်ဆောင်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

"ဒါဟာ မြစ်ကြီးနားသတင်းဂျာနယ်ကို ဂုဏ်သိက္ခာကျစေချင်လို့ လုပ်တာ။ ကျင့်ဝတ်အရပဲ သွားနေတာဖြစ်တယ်။ ဂျာနယ်ရဲ့ စာမျက်နှာမှာ တရားဝင် ဝန်ထမ်းတွေကို ဖော်ပြထားပြီးသား။ သူတို့တွေသာ လက်ရှိဂျာနယ်ရဲ့ ဝန်ထမ်းတွေ ဖြစ်တယ်။ ဂျာနယ်တိုက်ရဲ့ အတင်းကျပ်ဆုံး ကျင့်ဝတ်တစ်ခုလည်း ဖြစ်ပါတယ်။ မြစ်ကြီးနားသတင်းဂျာနယ်က ဒီလိုမျိုးငွေရေးကြေးရေး အလုပ်မျိုး ဘယ်တော့မှ မလုပ်ခဲ့ဘူး"ဟု ဦးဇော်ခွန်းမှ ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်ပြီး ရွှေလီထမင်းဆိုင်သို့ ဆက်သွယ်ခဲ့သော်လည်း ချီဖွေမြို့၏ ဖုန်းလိုင်းအခြေအနေအရ အဆက်အသွယ် မရရှိခဲ့ပေ။

ဦးခေါင်ဟောင်းထံ ဆက်သွယ်တောင်းခံသည့် ဖုန်းနံပါတ်မှာ ၀၉၇၇၉၀၅၁၀၈၃ ဖြစ်ပြီး ယင်းဖုန်းနံပါတ်ကို ဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ် မရပေ။ ■

စည်သူ(မြစ်ကြီးနား)

---

**စာ .. ၃ လီဆူနှင့် ရှမ်းမျိုးနွယ်စုများ ပူးပေါင်းပြီး ကေအိုင်အေဆန့်ကျင်ရှုတ်ချပွဲ ပြုလုပ် မှ»**

ခုကြား အမုန်းပွားအောင် ဖန်တီးခြင်းမဟုတ်ဘဲ မိမိတို့ အေးအေးချမ်းချမ်းနေလိုကြောင်းကို ဆန္ဒဖော်ထုတ်သည့်ပွဲ ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။

"သေတဲ့သူကတော့ သေသွားပြီ။ ပြန်ရှင်လာမှာမယ့်ကိစ္စလည်း မဟုတ်ဘူး။ ကျွန်တော်တို့ ဒီလိုပွဲ လုပ်တာနဲ့လည်း ပြန်ရှင်လာမှာ မဟုတ်ဘူး။ သို့သော် အလားတူ ဒီလိုကိစ္စရပ်မျိုးတွေ မဖြစ်ဖို့ အင်မတန်မှ အရေးကြီးတာပါ။ ပြီးခဲ့တဲ့ကိစ္စသည် ပြီးသွားပြီပေါ့။ နောက်နောင် မပေါ်ပေါက်လာဖို့၊ အေးအေးချမ်းချမ်းဖြစ်ဖို့၊ ဒါ အဓိကလိုရင်းဖြစ်ပါတယ်။ မဟုတ်ဘူးဆိုလည်း မဟုတ်ဘူး၊ သေသေချာချာ ထောင့်ကျကျနဲ့ ငြင်းပါ။ သက်သေအထောက်အထားနဲ့ ကျွန်တော်တို့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စရပ်တွေ ကျွန်တော်တို့တိုင်ပါတယ်။ PCG ကနေတစ်ဆင့်လည်း တိုင်တယ်။ ဒါတင် မကသေးဘူး။ အရင်တုန်းက လူအခွင့်အရေး ကော်မရှင်တွေကိုလည်း တိုင်ထားတယ်။ သို့သော် ဒီနေ့အဒီအချိန်ထိ ထိထိရောက်ရောက် လူကြီးမင်းတို့ တိုင်ထားတဲ့စာက ကျွန်တော်တို့ဌာနမှာ ရောက်ရှိပါတယ်ဆိုတဲ့ လူအခွင့်အရေးကော်မရှင် ဘက်ကလည်း ဘာမှ အသိမှတ်ပြုတာတောင် မခံရဘူး။ ဘာပဲဖြစ်ဖြစ် တွေ့ဆုံ ညှိနှိုင်းဖြေရှင်းရမယ့် အနေအထား ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မဟုတ်ရင်လည်း မဟုတ်ဘူး၊ ဟုတ်တယ်ဆိုလည်း ဟုတ်တယ်ပေါ့၊ နစ်နာတဲ့သူက နစ်နာသွားပြီ။ နစ်နာတဲ့သူကိုလည်းပဲ အတိုင်းအတာတစ်ခုအထိတော့ ပြန်ပြီးတော့ ဂရုဏာကြေးလေးတော့ ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါက ကျွန်တော်တို့ တစ်နိုင်ငံထဲမှာ အတူနေတဲ့ တိုင်းရင်းသားချင်း ဖြစ်တယ်။ ပြန်ပြီးတော့မှ ဒါကို လုပ်ကို လုပ်ပေးသင့်တယ်" ဟု ဦးစိုင်းဆန်းဝေက ပြောသည်။

ကေအိုင်အို/ ကေအိုင်အေအဖွဲ့၏ လုပ်ရပ်များကြောင့် ခံစားရသည့်ပြည်သူများမှ လာရောက်အကူအညီတောင်းခံမှုများ ရှိနေသည့်အတွက် အစိုးရအဖွဲ့နှင့် ကေအိုင်အို/ကေအိုင်အေအဖွဲ့ကို နောင်တွင် ထပ်မံမပြုလုပ်ရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ဖူးကြောင်းလည်း မြန်မာပြည်မြောက်ပိုင်း ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့ ဒု-ဥက္ကဋ္ဌ ဦးခင်မောင်အေး က ပြောသည်။

"ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်း နေချင်တယ်။ ကျွန်တော်တို့ကို မနှိပ်စက်ပါနဲ့၊ ကျွန်တော်တို့သည် နိုင်ငံတော်တိုး တက်ရာတိုးတက်ကြောင်းအတွက် ဘဏ္ဍာငွေတွေ ပေးအပ်ပြီးတော့မှ နေထိုင်နေတဲ့လူတွေ ဖြစ်ပါတယ်။ အစိုးရနှစ်ခုဆိုတာ ကျွန်တော်တို့ဆီမှာ မရှိဘူး နိုင်ငံတော်အစိုးရကို အခွန်ဘဏ္ဍာ ပေးဆပ်ပြီးတော့ ကျွန်တော်တို့ နေတယ်။ သူတို့လည်း သူတို့အခွန်ဆိုပြီးတော့ သူတို့တောင်းတယ်။ ကျွန်တော်တို့မှာ အစိုးရနှစ်ရပ် မရှိဘူး။ ပြည်သူလူထုက ရွေးချယ် တင်မြှောက်ထားတဲ့ အစိုးရကိုပဲ အခွန်ပေးဆောင်နိုင်မယ်။ ခင်ဗျားတို့ကောက်ရင် ခင်ဗျားတို့က ဆက်ကြေးပဲ၊ မတရားတောင်းတာပဲ၊ တောင်းလို့မရရင် ဖမ်းဆီးနှိပ်စက်တယ်။ နောက်ဆုံး သတ်ဖြတ်တဲ့အထိရှိတယ်။ ကျွန်တော်တို့စီမှာ ၇ ယောက်သတ်ဖြတ်ခံရတယ်"ဟု ဦးခင်မောင်အေးက ပြောသည်။

အဆိုပါ ကိစ္စရပ်များနှင့် ပတ်သက်၍ မြစ်ကြီးနားသတင်းဂျာနယ်က ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးဆောင်အဖွဲ့ (PCG) အဖွဲ့မှ တာဝန်ရှိ ဦးဆန်အောင်ထံ ဆက်သွယ်မေးမြန်းရာ ယခုကဲ့သို့ ပြောဆိုခဲ့သည်။


"ကျွန်တော်တို့က အရင်တုန်းက အများကြီး ကူညီခဲ့တယ်။ သူတို့ နှစ်ဖွဲ့ကတော့ တခြား တိုင်းရင်းသားတွေ ထက်စာရင် VIP ပုံစံနဲ့ ကျွန်တော်တို့ လုပ်ပေးတာမျိုးတော့ရှိတယ်။ ဒါပေမဲ့ သူတို့ ဒီလိုလုပ်တာတော့ ကျွန်တော်လည်း မသိတော့ဘူး။ ဘာကြောင့် လုပ်သလဲဆိုတာကို ကျွန်တော်လည်း နားမလည်ဘူး၊ အရင်က ကျွန်တော်တို့ PCG နဲ့ ချိတ်ဆက်ပြီးတော့ လွှတ်ပေးတာတွေ မနည်းတော့ဘူး။ တခြားတိုင်းရင်းသား ဘယ်သူမှ မလွှတ်ပေးဘူး။ သူတို့ကိုပဲ VIP အနေနဲ့ လွှတ်ပေးတာတွေရှိတယ်။ အဲ့ဒါမှ သူတို့ ဒီလိုတွေ လုပ်တယ်ဆိုတော့ သူတို့ ဘာကဏ္ဍတွေ ရှိလဲတော့ မပြောတတ်ဘူး"ဟု ဦးဆန်အောင်က ပြောသည်။

ပြီးခဲ့သည့် ဧပြီလ ၈ ကလည်း ဖားကန့်မြို့နယ် ဘန်ကောက်ကျေးရွာနေ လီဆူတိုင်းရင်းသား ဦးဖော်လီဆာအပါအဝင် ၄ ဦးကို ကေအိုင်အေအဖွဲ့က မတ်လ ၁၁ ရက်နေ့တွင် ရှန်ခီခရွှေမှော်၌ ဖမ်းဆီးကာ မဂျီဘွမ် ကေအိုင်အေစခန်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ဖမ်းဆီးခံရသူ ၄ ဦးအနက် ဦးဖော်လီဆာသည် ထွက်ပြေးလာရာ ဧပြီလ ၃၀ ရက်နေ့က ဒဏ်ရာများဖြင့် ဘန်ကောက်ကျေးရွာနေ နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း အဆိုပါကိစ္စများနှင့် ပတ်သက်၍လည်း ဒူးလေးပါတီက သဘောထားထုတ်ထုတ်ပြန်ခဲ့သည်။

ကေအိုင်အို/ ကေအိုင်အေအဖွဲ့မှ မတရားဖမ်းဆီးထားသည့် ကျန်ရှိသူ ၃ ဦးကို အမြန်ဆုံး ပြန်လွှတ်ပေးရန်အတွက် သဘောထားထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ် မေလ ၂၂ ရက်နေ့ကလည်း မြစ်ကြီးနားမြို့တွင် လီဆူမျိုးနွယ်များမှ ကချင်လွတ်လပ်ရေး အဖွဲ့ (ကေအိုင်အို/ ကေအိုင်အေ)ကို ဆန္ဒထုတ်ဖော်မှု တစ်ရပ် ပြုလုပ်ခဲ့ကြသည်။ ■

Salai



## ကချင်ပြည်နယ် ပါတီသုံးခု ပေါင်းစည်းထားသော

# ကချင်ပြည်နယ်ပြည်သူ့ပါတီ

## တည်ထောင်ခွင့်ရရှိ



မေ ၃

ကချင်ပြည်နယ် နိုင်ငံရေးပါတီသုံးခု ပူးပေါင်းဖွဲ့စည်းထားသည့် ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဧပြီလ ၂၅ ရက်နေ့တွင် တရားဝင် တည်ထောင်ခွင့် ပြုလိုက်ကြောင်း သိရသည်။

KSPP ၏ လျှောက်လွှာတင်ထားမှုကို ပါတီတည်ထောင်ခွင့် ပြုလိုက်ကြောင်း စာထုတ်ပြန်ခဲ့ပြီး ပါတီအလံ၊ အမှတ်တံဆိပ်၊ ပါတီမူဝါဒများကို နေပြည်တော်ရှိကော်မရှင်ရုံးသို့ ဆက်လက်အပ်နှံဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကချင်ပြည်နယ်ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ပြောသည်။

"အခု ဘာကျန်မလဲဆိုရင် ပါတီအလံကို သတင်းစာမှာ ထည့်ရမယ်။ တစ်ပတ်လောက် ကန့်ကွက်မယ့်လူရှိလားပေ့ါ။ ဘာမှမရှိဘူးဆိုရင် ကျွန်တော်တို့ ပါတီအလံကို အတည်ပြုလိုက်ပြီပေ့ါ။ မေလ ၂၀ ဝန်းကျင်လောက်မှာ ပါတီ နံပါတ်ကျလာလိမ့်မယ်"ဟု ဒေါက်တာတူးဂျာက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယခုပါတီသည်ပြည်နယ်ကို အခြေပြုမည့်ပါတီ ဖြစ်သည့်အတွက် သုံးလအတွင်း ပါတီဝင် အရေအတွက် ၅၀၀ ၏ အမည်စာရင်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရမည်ဖြစ်ပြီး မြို့နယ်တိုင်းတွင် ပါတီဖွဲ့စည်းမှုများ ပြုလုပ်သွားမည်ဟုလည်း ၎င်းက ပြောသည်။

"ဒီဟာက အခုပါတီဝင် စာရင်းပေးပို့တဲ့အပေါ်မှာ မူတည်မယ်။ ပါတီဝင်စာရင်း ငါးရာပဲ ပေးပို့မယ်ဆိုရင် ပြည်နယ်အတွင်း အတွက်ပဲ ဖြစ်မယ်။ တစ်ထောင်အထိ ပေးပို့မယ်ဆိုရင် ပြည်နယ်ပြင်ပမှာလည်း လှုပ်ရှားလို့ရမယ်။ ဒါတွေကို နောက်ပိုင်း ကျွန်တော်တို့ လုပ်သွားမှာပါ"ဟု ဒေါက်တာတူးဂျာက ထပ်မံပြောဆိုသည်။

KSPP (Kachin State People Party) အတွက် ခေါင်းဆောင်၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည့် ရာထူးများ ရွေးချယ်ခြင်းကို ညီလာခံကြီးတစ်ခု ပြုလုပ်ကာ ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်သွားမည်ဟုလည်း သိရသည်။

အသစ် ဖွဲ့စည်းထားသည့် KSPP ၏ ပါတီနံပါတ်ကျလာပါက ကော်မရှင်မှ မိမိတို့၏ ယခင်ပါတီများကို အလိုအလျောက် ဖျက်သိမ်းသွားမည်ဖြစ်ပြီး မိခင်ပါတီများ ဖျက်သိမ်းသည့် အချိန်၊ နေ့ရက်များကို တရားဝင် ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ် ပြည်သူ့ပါတီ(KSPP)တွင် ပူးပေါင်းထားသည့် ကချင်နိုင်ငံရေးပါတီမှာ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ (KSDP)၊ ကချင်ဒီမိုကရက်တစ်ပါတီ (KDP)နှင့် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (မနောတိုင်ပါတီ)တို့ ဖြစ်သည်။ ■

Salai

## မြစ်ကြီးနား–မန္တလေး၊ မြစ်ကြီးနား–ဖားကန့် လမ်းပိုင်းများ

# အဆင့်မြှင့်တင်ရေး အစီအမံများကို

## မိုးကောင်းအမတ်မေးမြန်း

မေ ၃

မိုးကောင်း - ကာမိုင်း - ဖားကန့်လမ်းပိုင်းများ ပျက်စီးမှုကို ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းပေါက်ဖာထေးခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောသည်။

ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မိုးကောင်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်၏ "မိုးကောင်း- ကာမိုင်း - ဖားကန့်လမ်းတွင် ပါဝင်နေသော မိုးကောင်းမြို့နယ်အတွင်းရှိ လမ်းပိုင်းများကို မည်သည့် ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုကြောင်း" မေးမြန်းမှုကို ဝန်ကြီးက ပြန်လည်ဖြေကြားပေးခဲ့ခြင်းဖြစ်သည်။

လမ်းပိုင်း အချို့တွင် ပြောင်းဖူးကျောက်စီလမ်းခင်းကျင်းထားသည့် မိုးကောင်း-ကာမိုင်း-ဖားကန့် လမ်းကို လမ်းမျက်နှာပြင် ချောမွေ့စေရေး အတွက် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေနှင့် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေတို့ဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအပြင် ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင်လည်း လမ်းပေါက်ဖာထေးခြင်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေတောင်းခံရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

ယင်းအပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးကိုလည်း အဆင့်မြှင့်တင်သွားရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး တစ်ဆက်တည်း မေးမြန်းခဲ့သည်။

အထက်ပါ လမ်းပိုင်းတိုးချဲ့ပြုပြင်နိုင်ရန် အတွက် လာမည့် ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ၄၀၅ ဒသမ ၈၄၀ သန်း လျာထားပြီးဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှစတင်ပြီးမြစ်ကြီးနားမြို့အထိ တောက်လျှောက် အဆင့်မြှင့်တင်သွားမည် ဖြစ်ကြောင်း၊ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ကလည်း ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီးက ထပ်ဆင့်ဖြေကြားခဲ့သည်။

ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ဧပြီလ ၂၉ ရက်နေ့မှ စတင်ကျင်းပနေကြောင်း သိရသည်။ ■

စည်သူ(မြစ်ကြီးနား)

အယ်ဒီတာ့အာဘော်

Editorial

## ပဋိပက္ခများရဲ့ဖြစ်စဉ်ကို ခွဲခြမ်းစိတ်ဖြာရန်လို

နိုင်ငံတစ်နိုင်ငံတွင်း ပဋိပက္ခတွေဖြစ်ရတဲ့ အကြောင်းအရင်းဟာ အောက်ပါသုံးချက် ဖြစ်တယ်လို့ ဆိုလို့ရပါတယ်။

ပထမအချက်က စီးပွါးရေးကို အခြေခံတဲ့ ပဋိပက္ခပါ။ ပြည်တွင်းလူမျိုးရေး ပဋိပက္ခတွေ ဖြစ်လာတာကြောင့် စီးပွားရေးကျဆင်းမှုတွေ ရှိလာနိုင်ပါတယ်။ နောက်ပြီး ပြည်ပကဝင်လာတဲ့ အခြေချ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုတွေဟာ ဒေသခံတွေအတွက် စီးပွားရေးအရ လုံခြုံမှုမရှိတော့သလို ထင်မြင်ခံစားစေပါတယ်။

ရှင်းလင်းပြတ်သားတဲ့ စီးပွားရေးဆိုင်ရာ ပေါ်လစီတွေ ချမှတ်ထားနိုင်ခြင်း မရှိတာရယ်၊ ရှိတဲ့ပေါ်လစီကို အပြည့်အဝလိုက်နာဆောင်ရွက်မှု မပြုနိုင်တာတွေကြောင့် မိမိတို့ရဲ့စီးပွားရေးအရ ရပ်တည်နိုင်မှုကို ခြိမ်းခြောက်လာနေတယ်လို့ခံယူသူတွေဟာ မကျေနပ်တာတွေ ဖြစ်လာပါတယ်။ အဲ့ဒီနောက် တချို့နေရာတွေမှာ အခွင့်ထူးခံ အုပ်စုသဖွယ် ဖြစ်နေသူတွေကို ဆန့်ကျင်မှုတွေ ပြုလုပ်လာနိုင်ပါတယ်။

ဒုတိယအချက်အနေနဲ့ ယဉ်ကျေးမှုကိစ္စဖြစ်တဲ့ လူနည်းစုဘာသာစကားနဲ့ ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်တွေပါ။ လူနည်းစုတွေက သူတို့အတွက် ယဉ်ကျေးမှုဆိုင်ရာ စာသင်ကျောင်းတွေ၊ လွတ်လပ်စွာ ဘုရားဝတ်ပြုကျောင်းတွေ တည်ဆောက်ခွင့်နဲ့ ရိုးရာအစဉ်အလာ ဒါမှမဟုတ် ဘာသာရေး၊ လူမျိုးရေးဆိုင်ရာစည်းမျဉ်းဥပဒေသတွေကို အသုံးပြုခွင့်တွေ တောင်းဆိုလာနိုင်ပါတယ်။

ယဉ်ကျေးမှုဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့် တောင်းဆိုမှုတွေ များလာနိုင်ပြီး လူမျိုးစုများ ပေါင်းစည်းရေး ဆောင်ရွက်ချက်တွေအပေါ် သံသယထားမှုတွေ ကြီးလာနိုင်ပါတယ်။ လူမျိုးစုတွေအနေနဲ့ သက်ဆိုင်ရာအဖွဲ့လိုက် ယဉ်ကျေးမှုဆိုင်ရာ တိကျတဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးဖို့ တောင်းဆိုလာနိုင်ပြီး၊ နောက်ဆုံး ကိုယ်ပိုင်အုပ်ချုပ်ရေးပုံစံ တစ်မျိုးမျိုးထိ တောင်းဆိုမှုတွေ ပြုလုပ်လာနိုင်ပါတယ်။

တတိယအကြောင်းချက်ကတော့ နယ်မြေပိုင်နက်အပေါ် အငြင်းပွားခြင်းပါ။ မျိုးနွယ်စုအလိုက် နယ်မြေ သတ်သတ်မှတ်မှတ်ရှိနေခြင်းကလည်း ပိုင်နက်ဆိုင်ရာ အငြင်းပွားမှုကို ပိုဖြစ်စေနိုင်ပါတယ်။ ဒီလိုကိစ္စမျိုးက ကိုယ်ပိုင်အုပ်ချုပ်ရေး ဖော်ပြချက်ဟာ နိုင်ငံက ခွဲထွက်ရေးပုံစံမျိုး ဖြစ်လာနိုင်ပါတယ်။ ဒါကို နိုင်ငံတွင်း လူအများစုက လက်မခံနိုင်ကြပါဘူး။

အစိုးရအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုင်ရာ တောင်းဆိုလာမှုတွေကို လက်မခံဘဲ ပေါင်းစည်းရေးကိုသာ ဦးတည်ဆောင်ရွက်မယ်ဆိုရင် ဗဟိုအာဏာခွဲဝေခြင်းပုံစံ ဒါမှမဟုတ် ဖက်ဒရယ်ပြည်ထောင်စုပုံစံ တစ်ခုခုကို ပြင်ဆင်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါလိမ့်မယ်။

အိန္ဒိယ၊ မလေးရှား၊ ဂျာမဏီ၊ နိုင်ဂျေးရီးယား၊ တောင်အာဖရိကနဲ့ ဆွီဇာလန်နိုင်ငံတွေကတော့ ကွဲပြားခြားနားချက်အလိုက် ဖယ်ဒရယ်ပြည်ထောင်စုစနစ်ကို ဖော်ဆောင်ကျင့်သုံးပြီး နိုင်ငံတွင်း ပဋိပက္ခတွေကို ဖြေရှင်းနိုင်ခဲ့တာတွေ့ရပါတယ်။

နောက်ပြီး စပိန်နဲ့ ကနေဒါနိုင်ငံတွေဟာလည်း အချိုးမဲ့ဖယ်ဒရယ်ပုံစံ ကျင့်သုံးခြင်းအားဖြင့် ခွဲထွက်ရေးတောင်းဆိုမှုတွေကို လျှော့နည်းစေနိုင်ခဲ့ပါတယ်။

မသမာ မရိုးသားတဲ့ ခေါင်းဆောင်တွေဟာ ပထမအချက်ဖြစ်တဲ့ စီးပွားရေးပဋိပက္ခ၊ ဒုတိယအချက်ဖြစ်တဲ့ ယဉ်ကျေးမှုဆိုင်ရာ လူမျိုးရေး၊ ဘာသာရေးနဲ့ စာပေဆိုင်ရာ ပဋိပက္ခ၊ တတိယအချက်ဖြစ်တဲ့ နယ်မြေပိုင်နက် အငြင်းပွားခြင်းဆိုင်ရာ ပဋိပက္ခ စတဲ့အချက်တွေပေါ်မှာ ရှိနေတဲ့ အက်ကွဲကြောင်းတွေကို ကောင်းကောင်း သဘောပေါက်ပြီး သူတို့လိုသလို အခွင့်အရေးယူပြီး အသုံးချလာနိုင်တာကိုလည်း မမေ့စေလိုပါ။

ဒီလိုပဋိပက္ခတွေ ဖြစ်လာပြီဆိုရင် လူမျိုးစုတွေ တစ်ဖက်နဲ့ တစ်ဖက် အငြင်းပွားမှုတွေကြီးလာပြီး အများအားဖြင့် အင်အားကြီးသူကို အဓိကအကြမ်းဖက်သူလို့ အားနည်းသူတွေဘက်က ခံယူလာကြပြီး ပဋိပက္ခတွေကိုထိန်းဖို့ ပိုခက်လာနိုင်တယ်ဆိုတာ သတိချပ်ဖို့ မြစ်ကြီးနားသတင်းဂျာနယ်က ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်
(မေ ၆ ၊ ၂၀၁၉)

# ထောင်မှ ထွက်လာသည့် ကချင်လူငယ်ခေါင်းဆောင် သုံးဦးက

## ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်း



ဓာတ်ပုံ – Salai

မေ ၃

**ကို**ဇော်ဂျတ်၊ ကိုလွမ်းဇောင်း၊ ဒေါ်နန်ပူတို့ ထောင်မှ လွတ်မြောက်လာသည့်အတွက် ၎င်းတို့ ၃ ဦးအတွက် ဆုတောင်းခြင်းနှင့် လူထုတွေ့ဆုံပွဲအစီအစဉ်ကို မြစ်ကြီးနားမြို့ မနောင်ကွင်းရှိ မဂ္ဂယ်ခန်းမတွင် မေလ ၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ၎င်းတို့ ၃ ဦး ထောင်ထဲမှ ကြုံတွေ့မှုများနှင့် ပြည်သူလူထုများ၏ ဝန်းရံမှုများအပေါ် ကျေးဇူးတင်ကြောင်း ပြောဆိုခဲ့ကြသည်။

"လူထုတွေ ပါဝင်ပေးခဲ့တာကို ကျေးဇူးတင်တဲ့အကြောင်းနဲ့ ဒီမှာရှိတဲ့ ကချင်ပြည်နယ်သူ/သား အားလုံးက ကျွန်တော်တို့ ထောင်ကျတဲ့အချိန်မှာ ခွန်အားလာပေးတယ်၊ လာတွေ့တယ်၊ အသိအမှတ်ပြုပေးတယ်။ ဒါတွေကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ရှေ့ဆက်ပြီး အယူခံဝင်သွားမယ့် ကိစ္စမှာလည်း အောင်မြင်ဖို့အတွက် ဆုတောင်းခြင်းဖြစ်ပါတယ်"ဟု ကိုဇော်ဂျတ်က ပြောသည်။

မြစ်ကြီးနား အကျဉ်းထောင်တွင် နေထိုင်ခဲ့ရစဉ်ကာလအတွင်း တွေ့ကြုံခဲ့သည့် အတွေ့အကြုံများအနက် အကျဉ်းကျနေသည့် အကျဉ်းသူ/သားများတွင် မူးယစ်မှုဖြင့် ကျခံရသူ ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီး ၎င်းတို့အတွက်ပြစ်မှု၊ ပြစ်ဒဏ်မျှတမှု မရှိသည်များကိုလည်း တွေ့ခဲ့ရသဖြင့် အဆိုပါ ကိစ္စများအတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြမှုမျိုးလည်း ပြုလုပ်သွားမည်ဟု ကိုဇော်ဂျတ်က ပြောသည်။

"အကျဉ်းကျနေတဲ့ပြည်သူတွေထဲမှာ ပြစ်မှုနဲ့ပြစ်ဒဏ်နဲ့ မမျှတဲ့ လူအများကြီးရှိတယ် ဒီလိုတွေရှိနေတာဟာ အင်မတန်စိတ်မကောင်းစရာပါပဲ။ ဒါတွေကို လုပ်ဆောင်သွားပေးဖို့လည်း ရှိပါတယ်။ ထွက်လာပြီးတဲ့အချိန်မှာလည်း ဒီလိုတွေ့ကြုံမှုကို မူတည်ပြီးမှ အစိုးရဌာနဆိုင်ရာတွေ၊ သက်ဆိုင်ရာနိုင်ငံတော်အဆင့်တွေကို ဒီဖြစ်စဉ်တွေကို ရှင်းပြဖို့ တင်ပြဖို့ ရှိပါတယ်။ ကျွန်တော်တို့ ပြည်သူတွေရဲ့ တရားမျှတရေး ရရှိအောင် အစီအစဉ်ရှိပါတယ်"ဟု ကိုဇော်ဂျတ်က ပြောသည်။

အလားတူ မြစ်ကြီးနားအကျဉ်းထောင်တွင် အကျဉ်းသူ/သား များပြားလွန်းပြီး အကျဉ်းထောင်ပြည့်ကြပ်နေခြင်းနှင့် တရားရုံး၏ ပြစ်မှုပြစ်ဒဏ်မမျှတမှုများကို တွေ့မြင်ရကြောင်းလည်း ကိုလွမ်းဇောင်းက ထပ်မံပြောဆိုသည်။

"ပြည်ထဲရေး အကျဉ်းဦးစီးဌာနအနေနဲ့ နိုင်ငံတော်ဘတ်ဂျက် လုံလုံလောက်လောက်နဲ့ နိုင်ငံတကာစံချိန်နဲ့ ပိုပြီးကိုက်ညီအောင် လုပ်ပေးရင်တော့ ပိုကောင်းတာပေါ့။ နောက်ပြီး အကျဉ်းဝန်ထမ်းတွေက ကန့်သတ်မှုတွေ တော်တော် ရှိနေတယ်လို့ သူတို့ကိုယ်တိုင်လည်း ပြောတယ်။ ကျွန်တော်တို့ ဝင်ခါစကဆို လေးထောင်ကျော်ရှိတယ်။ အကျဉ်းဝန်ထမ်းက တစ်ရာတောင် မရှိဘူး။ ဒီလို ကြီးကြပ်တယ်ဆိုတာ လုံးဝမဖြစ်သင့်တဲ့အရာပေါ့"ဟု ကိုလွမ်းဇောင်းက ပြောသည်။

ပိတ်မိ စစ်ရှောင်ပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြဦးဆောင်ခဲ့သူ ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်းနှင့်ဒေါ်နန်ပူတို့ကို တပ်မတော်အား အသရေဖျက်မှု၊ ပုဒ်မ ၅၀၀ ဖြင့် ဒီဇင်ဘာလ ၇ ရက်နေ့က မြစ်ကြီးနားမြို့နယ်တရားရုံးက အလုပ်မဲ့ထောင်ဒဏ် ၆ လ နှင့် ငွေဒဏ် ၅ သိန်း ပြစ်ဒဏ်ကျခံရန် အမိန့်ချမှတ်ခဲ့မှုပေါ် အမှုမှန် ပေါ်ပေါက်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟု ကိုလွမ်းဇောင်းက ပြောသည်။

၎င်းတို့သုံးဦးကို ဆန္ဒထုတ်ဖော်စဉ်က ပြောဆိုမှုများတွင် တပ်မတော်၏ ဂုဏ်သိက္ခာထိခိုက်စေမှု ပါဝင်သည်ဟု ဆိုကာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒု-ဗိုလ်မှူးကြီး မျိုးမင်းဦးက တရားလိုပြုကာ ကိုဇော်ဂျတ်၊ ကိုလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့ သုံးဦးကို အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် အမှုဖွင့် အရေးယူခဲ့ခြင်းလည်း ဖြစ်သည်။

၎င်းတို့အမှုကို တရားမျှတမှုရရှိသည်အထိ လုပ်ဆောင်သွားမည် ဖြစ်ကာ ပြည်ထောင်စု တရားလွှတ်တော်အထိ ဆက်လက်ထုချေသွားမည်ဟုလည်း ကိုလွမ်းဇောင်းက ပြောဆိုသည်။

"ဒီအမှုကိစ္စက ကျွန်တော့်ကိုစွပ်စွဲထားတဲ့အမှုက လုံးဝ မမှန်မကန် စွပ်စွဲထားတာ၊ ပြီးတော့ ပုံမှန်စွပ်စွဲတာမဟုတ်ဘူး။ အမိန့် ချမှတ်တယ်။ ထောင်ထဲပို့တယ်။ ခုပြန်ထွက်လာပြီ။ တရားလိုကိုယ်တိုင်က ဘာမှမသိတဲ့ သူက တပ်မတော်ကို အသရေဖျက်တယ်ဆိုပြီးမှ တပ်မတော်ကိုယ်စားလည်း မဟုတ်ပြန်ဘူး။ သူ့ရဲ့ ပုဂ္ဂိုလ်ရေးအရ စွဲတယ်လို့ ပြောတယ်။ ဒါ ဥပဒေကြောင်းအရ မှားနေပြီ။ မှားနေတဲ့ဟာကို လွတ်လပ်သော တရားရေးစနစ် မဟုတ်ဘဲနဲ့ တရားသူကြီးတွေက ချလိုက်တယ်။ ဒါကြောင့် ဒီအမှုကို ကျွန်တော်တို့ လက်ခံလို့မရဘူး။ ဒါကြောင့် ဒီအမှုကို တရားဥပဒေနည်းလမ်းအတိုင်း အထက်တရားရုံး ပြည်ထောင်စုတရားလွှတ်တော်ကို ဆက်လက်ပြီး အကျိုးဆောင်ရှေ့နေတွေနဲ့ ဆက်တက်သွားမယ်၊ ထုချေသွားမယ်" ဟု ကိုလွမ်းဇောင်းက ပြောသည်။

ကချင်လူငယ် ကိုဇော်ဂျတ်နှင့် ကိုလွမ်းဇောင်းတို့သည် သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ဧပြီလ ၂၆ ရက်နေ့က မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသူ/သား ၁၃၀၀ ကျော် နှင့်အတူ လွတ်မြောက်လာခဲ့ပြီး ဒေါ်နန်ပူသည် ထောင်ဒဏ် ၆ လ အနက် ကျန်းမာရေး ကောင်းမွန်ခြင်း မရှိသည့်အတွက် ၂ လ လျှော့ရက်ဖြင့် ဧပြီလ ၅ ရက်နေ့ နံနက်ပိုင်းက ပြန်လည်လွတ်မြောက်ခဲ့သည်။

Salai

# ကိုယ်အင်္ဂါ မသန်စွမ်းသူများ

# နှစ်ပတ်လည်အစည်းအဝေးတက်ရောက်ရန်

## ရပ်ဝေးရပ်နီးမှ မသန်စွမ်းသူများကို ဖိတ်ခေါ်

မေ ၃

**က**ချင်ပြည်နယ် ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်း နှစ်ပတ်လည်အခမ်းအနားကို မေလ ၁၀ ရက်တွင် ကျင်းပသွားမည် ဖြစ်၍ တက်ရောက်လိုသူများ အနေဖြင့် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ကချင်ပြည်နယ်ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း ဥက္ကဋ္ဌဦးဂျီဇုန်းဆောင်က ပြောသည်။

အဆိုပါ အခမ်းအနားတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများသုံးသည့် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ကိုယ်အင်္ဂါမသန်စွမ်း ကျောင်းတက်ကလေးများ၏ ပညာသင်စရိတ် ထောက်ပံ့ခြင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"တက်ရောက်တဲ့သူတွေကို ခရီးစရိတ် ထောက်ပံ့ပေးမှာဖြစ်တဲ့အတွက် တက်ရောက်မယ့် လူဦးရေစာရင်း လိုအပ်ပါတယ်။ ပြီးတော့ ကချင်ပြည်နယ် ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း အနေနဲ့ ဒီအခမ်းအနားကျင်းပဖို့ အလှူငွေမရှိတဲ့အတွက် ထောက်ပံ့ပေးချင်တဲ့ အလှူရှင်တွေ ရှိရင်လည်း ဆက်သွယ်လာလို့ ရပါတယ်" ဦးဂျီဇုန်းဆောင်က ပြောသည်။

ဆက်သွယ်လိုသူများ အနေဖြင့် ကချင်ပြည်နယ်ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်း ဥက္ကဋ္ဌ ဖုန်း ၀၉ - ၈၉ ၃၅၈၀၄၈၅ ကို ဆက်သွယ်နိုင်ကြောင်း သိရပါသည်။

မွန်းမွန်းပန်

# အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပမ္မတီးကျေးရွာ၊ ဘုမ္မောရပ်ကွက်၊ နယ်မြေ (၇)၊ အိမ်အမှတ် (၇/၃၈၈)တွင် နေထိုင်သော ဦးမြင့်လှိုင် နှင့် ဒေါ်သန်းသန်းဆွေတို့၏သား မောင်မြင့်ကိုကိုလှိုင် (၁/မကန(နိုင်)၁၈၇၁၃၄)သည် မိဘအပေါ် စိတ်ဆင်းရဲမှုပေးသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပြီး မောင်မြင့်ကိုကိုလှိုင်နှင့် ပတ်သက်သော တစ်စုံတစ်ရာမျှ တာဝန်ယူပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်လှိုင် + ဒေါ်သန်းသန်းဆွေ

# ကချင်လူငယ် မဆွတ်ဆိုင်းထွယ် ထူးခြားထူးချွန်ဆု ရရှိ




မေ ၁

နယူးဇီလန်နိုင်ငံရှိ Wellington Kachin Community က ကချင်လူငယ် မဆွတ်ဆိုင်းထွယ်ကို ထူးခြားထူးချွန်(Ram NingJa) ဆုကို ဧပြီလ ၂၈ရက်နေ့က ဆုချီးမြှင့်ခဲ့သည်။

ထိုသို့ချီးမြှင့်ခြင်းမှာ အများပြည်သူ အကျိုးအတွက် ပို၍ မားမားမတ်မတ်ရပ်တည်နိုင်သည့် လူငယ်များ ဖြစ်လာနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဆုကို ရရှိခဲ့သည့် မဆွတ်ဆိုင်းထွယ်က မိမိကို ယခုကဲ့သို့ ဆုချီးမြှင့်ခြင်းသည် မိမိတစ်ဦးတည်းကြောင့် ရရှိခဲ့ခြင်းမဟုတ်ဘဲ အများပြည်သူအကျိုးနှင့်မှန်ကန်ပြီး တရားမျှတမှုကို လိုလားသည့် လူငယ်များအားလုံး ကြိုးစားပါဝင်မှုကြောင့်သာဖြစ်ကြောင်း၊ လူငယ်များ ကြိုးစား အားထုတ်မှုများ၊ လှုပ်ရှား ဆောင်ရွက်မှုများကို အသိအမှတ် ပြုပေးသည်ဟု ခံယူကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ခုလို ဆုရတဲ့အတွက် ဝမ်းသာ ပျော်ရွှင်ရပါတယ်။ ကျွန်မတို့ လူမှုအဖွဲ့အစည်းမှာတော့ အချင်းချင်း ကူညီထောက်ပံ့ပေးမယ်၊ ချီးကျူးချီးမြှင့်မယ်။ အဲဒါအရေးကြီးတယ်။ အဲလိုလုပ်ဖို့ ကျွန်မတို့အားနည်းနေတယ်။ အဲဒါကြောင့် အခုလိုမျိုး လူငယ်တွေ လုပ်တဲ့အလုပ်ကို ထောက်ခံပေးပြီး အသိအမှတ်ပြုပေးတဲ့ အတွက်ကြောင့် ဝမ်းသာပါတယ်"ဟု ၎င်းက ပြောသည်။

တပ်မတော်နှင့် ကေအိုင်အေကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် တနိုင်း၊ အောင်လော့ဒ်၊ အင်ဂျန်းယန်တို့ရှိ ပြည်သူများ တောထဲ၌ ပိတ်မိနေသည်ကို အမြန်ဆုံးကယ်ထုတ်ရန် သပိတ်စခန်းဖွင့်ကာ ဆန္ဒပြတောင်းဆိုခဲ့သည့် အချိန်တွင် ဦးဆောင်ခဲ့ပြီး ထိုသို့ဦးဆောင်ရာတွင် သတ္တိရှိရှိ လုပ်ဆောင်သွားသဖြင့် ယခုကဲ့သို့ ဆုရရှိကြောင်း မဆွတ်ဆိုင်းထွယ်၏မိခင် ဒေါ်ဘောမ်မျှော်က ပြောသည်။

"ကိုယ်က ဘာဖြစ်လာမယ်ဆိုတာကို သတိမမူဘဲနဲ့ တရားတာကို တရားတယ်လို့မြင်အောင် ပြောဆိုတယ်။ သူ့ကိုတရားစွဲဖို့လုပ်တုန်းကလည်း သူက ရဲရဲဝံ့ဝံ့အချက်ကျကျပြောလို့ အကုန်လုံးက ချီးမြှင့်တယ်လို့ မြင်ပါတယ်" ဟု ဒေါ်ဘောမ်မျှော်က ပြောသည်။

မဆွတ်ဆိုင်းထွယ်သည် Wellington Kachin Community မှ ချီးမြှင့်သည့် ထူးခြားထူးချွန် (Ram NingJa) ဆုကို ချီးမြှင့်ခြင်း ခံရရုံသာမက ဧပြီလ ၆ရက်နေ့တွင် နိုင်ငံတကာ မြန်မာမိသားစုများမှ ချီးမြှင့်သော ပြည်သူ့ဂုဏ်ရည် အထူးဆုကိုလည်း ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ■

မျိုးမြတ်မြတ်ပန်

# ဇွန်လ ၁ ရက်မှစ၍ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်း ဝယ်ယူသူများထံမှ အခွန်ငွေ ကောက်ခံမည်

မေ ၃

လက်ကိုင်ဖုန်းနှင့် အခြား ဆက်စပ်ပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ခေါင်းကပ်ပြီး အခွန်ငွေကောက်ခံတော့မည် ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနက မေလ ၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဝယ်ယူသည့် မိဘပြည်သူများအနေဖြင့် အဆိုပါ ပစ္စည်းများ၏ ကျသင့်သည့် စုစုပေါင်းတန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်သည်။

ကုန်သွယ် လုပ်ငန်းခွန်စည်းမျဉ်း ၄၀၊ အပိုဒ်ခွဲ(က)၊ ပိုဒ်ခွဲငယ်(၃)တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားသည့် ပြေစာဖြင့် ရောင်းရငွေ (သို့မဟုတ်) ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်ငွေကို ကုန်စည်ဝယ်ယူသူထံမှ တစ်ပါတည်း ကျခံရမည်ဟု ပြဋ္ဌာန်းပါရှိသဖြင့် ထုတ်ပြန်သတ်မှတ်ခြင်း ဖြစ်သည်ဟု ဖော်ပြထားသည်။

လက်ကိုင်ဖုန်း၊ ဟန်းဆက်နှင့် အခြားဆက်စပ်ပစ္စည်းများ ရောင်းချသည့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းကို ဇွန်လ ၁ ရက်နေ့တွင်စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၅၀ ကျပ်တန်၊ ၁၀၀ ကျပ်တန်၊ ၂၀၀ ကျပ်တန်၊ ၅၀၀ ကျပ်တန်၊ ၁၀၀၀ကျပ်တန်၊၅၀၀၀ကျပ်တန်နှင့် ၁၀၀၀၀ ကျပ်တန် အခွန်တံဆိပ် (Commercial Tax Stamp Label) များကို ရောင်းချသူများထံသို့ ထုတ်ပေးသွားမည် ဖြစ်သည်။

ဝယ်ယူသူများအနေဖြင့် ကျသင့်သည့်အခွန်နှင့် ညီမျှသည့် အခွန်မှတ်တံဆိပ် ပြေစာများကို တောင်းယူကြရန်နှင့်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသည့် ပြေစာများထုတ်ပေးပါက နီးစပ်ရာအခွန်ရုံးသို့ တိုင်ကြားနိုင်သည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

လက်ကိုင်ဖုန်းများရောင်းချရာတွင် ၅ ရာခိုင်နှုန်းအခွန်တံဆိပ်ခေါင်းကပ်ပြီး ရောင်းချရန် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက တစ်ကြိမ် ကြိုးပမ်းခဲ့ဖူးပြီး အောင်မြင်မှုမရခဲ့သည့် ယင်းအမိန့်ကို ယခုနှစ် ဧပြီလ ၁ ရက်နေ့က ထပ်မံကြိုးစားခဲ့ခြင်း ဖြစ်သည်။ ■

စည်သူ(မြစ်ကြီးနား)

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Technical Worker**

**Reference Number: ADMIN_MYI_2019005**

To be based in Myitkyina with frequent travel to Kachin State.

**Duties and Responsibilities**

- As a Technical Worker, you will make inventory list balance of the maintenance properties and report to the Premises and Maintenance Officer on the on-going maintenance activities, and proposes improvements.
- You will install and repair electrical network of the delegation and residences (short circuits fuses, lamps, cables, electrical lightning fixtures and security lights).
- You will also repair the electrical devices for the delegation and residences (switch, socket, breaker and change of fitting, etc.).
- You will install new air-con and maintain regular servicing under supervision.
- Furthermore, you will repair and fit household electrical equipment (boiling kettle, halogen lamp, coffee maker, refrigerators, etc.).
- You will install new water pipelines (cold and hot water line), and repair the blockage and broken part of the pipelines.
- As part of your duties, you will perform and repair minor plumbing, drainage, painting, mason, carpentry work and other basic technical maintenance work.
- You will maintain servicing to overhead tank, ground tank and septic tanks in collaboration with external team and repair and disinfect of septic tanks and latrines.

**Required profile**

- It is required to have High School Level or equivalent in some vocational training.
- You should have experience in similar work.
- Your communication skills should be excellent and you should have basic knowledge in written and spoken English as well as Myanmar language.
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **17 May 2019**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:

yan_hr_recruitment_services@icrc.org
ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon

Or

akhaing@icrc.org
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( မေ ၆ ၊ ၂၀၁၉ )

# ကချင်ကတော် မဖြစ်ခဲ့ရသည့် လှိုင်

အင်ခိုင်ဘွမ် ရေးသားသည်



လှိုင်၊ နိုင်နှင့် မြိုင်တို့သည် ရန်ကုန်သူ ညီအစ်မများ ဖြစ်ကြသည်။ မြိုင်က ကုလားသူဌေး တစ်ဦးနှင့် အိမ်ထောင်ကျသည်။ နိုင်က တရုတ်သူဌေးတစ်ဦးနှင့် အကြောင်းပါသည်။ လှိုင်ကတော့ ရန်ကုန်တက္ကသိုလ် ကျောင်းသူ၊ အိမ်ထောင်မကျသေး။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ၊ ပြည်တွင်းစစ်မီးတောက်ချိန်တွင် ယခုလို ပညာသင်ကြားနိုင်အောင် အစ်မများက ထောက်ပံ့ထားခြင်း ဖြစ်သည်။ တစ်နေ့ ရန်ကုန်တက္ကသိုလ်ရှေ့က စစ်ကျန် နဂါးအမှတ်တံဆိပ် ဘတ်စ်ကားဖြင့် လှိုင်အိမ်ပြန်သည်။ လူပြည့်နေ၍ နောက်ဆုံးထိုင်ခုံသာ ရသည်။ ကျောင်းသားအချို့ တွယ်စီးကြရသည်။ လှိုင်က နောက်ဆုံးမှာဖြစ်၍ တုတ်ခိုင်သန်မာသော ကျောင်းသားတစ်ယောက်၏ လက်ကို သတိထားကြည့်နေမိသည်။ ထိုစဉ် ကုက္ကိုင်းဘက် အကွေ့တွင် လှိုင်တို့ကားနှင့် တစ်ဖက်က အရှိန်ဖြင့် ကွေ့လာသောကားတို့ တိုက်မိကြသည်။ အပေါက်ဝမှ လွင့်ကျတော့မည့် လှိုင့်ကို ထိုသန်မာသော လက်တစ်စုံက ပွေ့ထားလိုက်၍သာ တော်တော့သည်။ ထိုလူက မူးဝေနေသောလှိုင့်ကို ဆေးရုံသို့ လိုက်ပို့ပေးသည်။ အိမ်ကိုလည်း အကြောင်းကြားပေးသည်။

“မိလှိုင်တို့ကတော့ ကချင်ကြီးကယ်တဲ့ အသက်ပဲ ရှိတော့တယ်ဟေ့”ဟု မမနိုင်ကစသည်။ “ညည်းကို ကချင်ကြီးက ဆေးရုံရောက်အောင် ပွေ့လာရတာတဲ့တော့” ဟု မမကြိုင်ကလည်း ပြော၍ ရယ်နေတော့သည်။ ကချင်ကြီးကို ကျေးဇူးဆပ်ရမည်၊ ဘယ်မှာနေလဲ လှိုင် မသိ၊ နာမည်လေးတောင် မသိလိုက်ရမီ သူထွက်သွားခဲ့ပြီ။ နှစ်လကျော်မျှ သူ့ကို ကျောင်းထဲတွင် ရှာမိသည်။ မတွေ့ခဲ့။ တစ်နေ့ လှိုင့်သူငယ်ချင်း နု၏ချစ်သူ ကိုလှမျိုးက လှိုင့်ကို အင်းလျားဘက်သို့ ချိန်းသည်။ နုနှင့် နှစ်ယောက်တည်း တွေ့၍ မရသဖြင့် လှိုင့်ကို ခါတိုင်းလို အဖော်ခေါ်ခြင်း ဖြစ်သည်။ သို့သော် နုတစ်ယောက် ပေါ်မလာ။ အနည်းငယ်မှောင်လာချိန်တွင် ကိုလှမျိုးက သူတကယ်ချစ်သည်မှာ လှိုင်ဖြစ်ကြောင်းပြောပြီးကိုယ်ထိလက်ရောက် စော်ကားလာသည်။ လှိုင်လည်း ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းလိုက်သည်။ ထိုအခိုက် ရိုက်ချလိုက်သံနှင့်အတူ ကိုလှမျိုး လဲကျသွားခဲ့သည်။ လှိုင်မော့ကြည့်လိုက်တော့ ကချင်ကြီး။ အဖော် ကချင်ကျောင်းသား တစ်ဦးလည်း ပါသည်။

လှိုင် ကချင်ကြီးကို အိမ်သို့ဖိတ်၍ ကန်တော့ခဲ့သည်။ သူ့နာမည်က နမ်ခိုဇမ်။ မိဘများက တောင်ယာလုပ်သည်။ ဒူဝါကြီးတစ်ဦးက ကျောင်းထားပေး၍ တက္ကသိုလ်သို့ ရောက်လာခြင်းဖြစ်သည်။ ပညာသင်ကြားပြီးလျှင် ကချင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဝကို မြှုပ်နှံမည့်သူ ဖြစ်သည်။ လှိုင်နှင့်သူ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်တွင် စာအတူကျက်ကြသည်။ အဓိပတိလမ်းပေါ် အတူလျှောက်ကြသည်။ ကိုလှမျိုးလုပ်ရပ်နှင့်ပတ်သက်၍ သူငယ်ချင်းနုနှင့်မတွဲဖြစ်တော့။ “ကချင်ကြီးနဲ့ တွဲနေလိုက်တာ”ဟု နုက လှိုင့်ဆွေမျိုးတွေကို သတင်း ပေးထားသည်။ “အောင်မာ သူ့လို သစ္စာဖောက်ကို ခြေသလုံး လိုက်ဖက်နေတာ မဟုတ်ဘူး”ဟု လှိုင့်စိတ်ထဲတွင် ပြောမိသည်။ နမ်ခိုဇမ်ကတော့ ပြောသည်။ ဗမာများသည် သူတို့ တောင်ပေါ်သားတွေကို နှိမ်ကြောင်း၊ သူတို့ဒေသ နိမ့်ကျနေ၍ဖြစ်ကြောင်း၊ ထို့ကြောင့် မြှင့်တင်ပေးရမည် ဖြစ်ကြောင်း၊ ကချင်နယ်သည် မည်မျှ ချစ်စရာကောင်းကြောင်း၊ ကချင်လူမျိုးများလည်း ရိုးသားခင်မင်တတ်ကြကြောင်း စသည်တို့ဖြစ်သည်။

လှိုင်နှင့် နမ်ခိုဇမ် တတွဲတွဲဖြစ်နေသည့်ကိစ္စနှင့် ပတ်သက်၍ အစ်မများနှင့် သဘောထား ကွဲလွဲလာသည်။ “ကချင်နယ်ထဲ နေရလို့ဆို ထားပါတော့၊ ရန်ကုန်သူ စစ်စစ်ကများ ကချင်ကတော် လုပ်ချင်ရတယ်လို့၊ ဟင်း-ကုလားမယား၊ တရုတ်မယားဖြစ်ရတာတော့ ရှက်သတဲ့၊ ကချင်ကိုတော့ ကြိုက်သတဲ့”ဟု ပြဿနာလုပ်လာကြတော့သည်။ ထိုအခိုက် နမ်ခိုဇမ်ကလည်း လှိုင့်အတွက် ကဗျာတစ်ပုဒ် ရွတ်ပြလာသည်။ K.P.Browning ၏ How I Love You ကဗျာပင်ဖြစ်သည်။ လှိုင်သည် နောက်နေ့များတွင် ကျောင်းကိုမသွားတော့။ သို့ပေမဲ့ သူ့မျက်နှာကို မြင်ယောင်နေမိသည်။ သူ့အသံ၊ သူ့ဟန်တွေ၊ သူ့သဏ္ဌာန်တွေ၊ သူ့အကြောင်းတွေ၊ လှိုင့်ရင်ထဲ စွဲနစ်နေမိတော့သည်။ သူ အိမ်ကိုလိုက်လာသည်။ သူ့အသည်းနှလုံးကို ပြည်မမှာပဲ ထားခဲ့ရတော့မလား တဲ့။ လှိုင်ဘယ်လို ဖြေရမှာလဲ။

လှိုင်နှလုံးသားက သူနှင့် ကချင်မြေကို လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ မေမေကတော့ ဘယ်နည်းနှင့်မျှ သဘောမတူ၊ “ရန်ကုန်သူ မေမေ့သမီး တက္ကသိုလ်ကျောင်းသူ ချောချောလှလှလေးကို ကချင်တစ်ယောက်နဲ့ ပေးစားလိုက်ပါလို့ ခွင့်တောင်းနေတာ မေမေ့ကို ကိုယ့်ကိုယ့်ကိုယ် သတ်သေပါလို့ ပြောလိုက်တာနဲ့ အတူတူပဲသမီး”ဟု ဆိုသည်။ ကိုယ့် တစ်ပြည်တည်းသား အချင်းချင်းကို နှိမ်ရက်ကြသည်ဟု လှိုင့်ရင်ထဲ နာရသည်။ လှိုင့်နှလုံးသားတွေလည်း သူနှင့်အတူ ကချင်မြေသို့ လိုက်သွားခဲ့ပါပြီ။ သို့သော်လှိုင့်ဦးနှောက်ကတော့ ကချင်မြေကိုသွားဖို့ တွန့်ဆုတ်နေပြန်သည်။

နောက်ဆုံး သူကတော့ သူ့နှလုံးသားကို ပြည်မမှာ ထားခဲ့ပြီး ကချင်မြေကို ပြန်သွားခဲ့ပြီ။ တောင်တန်းသား၊ ပြည်နယ်သားရဲ့ဘဝကို နားလည်ဖို့၊ စာနာဖို့၊ မြှင့်တင်ပေးလိုသည်။ စေတနာရှိဖို့ လိုသည်။ အထင်သေးစိတ်၊ မပေါင်းဖက်လိုသည့် စိတ်များကို ချေဖျက်ဖို့ အရေးကြီးကြောင်းလည်း လှိုင်သိသည်။ သို့သော် လှိုင့်တွင် သတ္တိနည်းသော ဦးနှောက်ရှိနေပါသည်။ ပတ်ဝန်းကျင်၏ ကျဉ်းမြောင်း မှားယွင်းသော အယူအဆ၊ အစွဲအလမ်းဆိုးတို့ကို မဖယ်ရှားနိုင်သော ဦးနှောက်လေ။ မှားမှန်းသိလျက် ငုံ့ခံနေတတ်သော ဦးနှောက်နှင့်လှိုင်ပါ။ မည်သို့ပင်ဖြစ်စေ ထောင့်ငါးရာဖြင့် ချစ်တတ်၊ ခင်တတ်၊ တွယ်တာတတ်သော အသည်းနှလုံး လှိုင့်တွင် မရှိတော့သည်မှာ အမှန်ပင်ဖြစ်သည်။ ရန်ကုန်သူ ကချင်ကတော် မဖြစ်ခဲ့ရသည့် လှိုင်လေ။ ■

ရည်ညွှန်း - အပျိုကြီးဖြစ်ရခြင်းအကြောင်း ၆ ၊ မစန်းပွင့်၊ ရှုမဝမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၆၆။








**တုတ်ထိုး** - အိမ်း၊ ခက်လေစွ၊ ခက်လေစွတကား။ တရုတ်က ပူ၊ ခေါင်းတုံးဆူနဲ့ တို့ပြည်သူမှာ ငရဲကလူလို ဖြစ်နေပါတကား။ ဖန်နီက တစ်မှောက် ရာဆီက ဖောက်ပြန်တော့ တောရောက်တောင်ရောက် လျှောက်သွားဖို့သာ ကောင်းတော့တယ်။ တောလေး ဘာလေးထွက်၊ ယပ်လေး ဘာလေး ခတ်ပြီး အေးအေးလူလူ နေချင်ပြန်တော့လည်း သစ်တောက ပြောင်၊ မိုးကခေါင်နဲ့ ဘယ်မောင်ကို အဖေခေါ်ရမှန်းမသိတဲ့ ကျုပ်တို့ပြည်သူတွေရဲ့ ဘဝတွေဗျာ။
**အိုးပေါက်** - ညည်းချင်းတွေ များလှပါလားဗျာ။

**တုတ်ထိုး** - ဒါတင်ကရိုးလားဗျာ၊ အုတ်အရောရော ကျောက်အရောရောနဲ့ သူခိုးလည်းပါ၊ ဘိန်းစားလည်းပါတဲ့ ထောင်လွတ်ပွဲတော်ကြီးကလည်း ရင်တမမနဲ့ ဖြစ်ရပါတယ်ဗျာ။ မနေ့ကမှ ထောင်ကလွတ်၊ ဒီနေ့ခိုးမှုလုမှုနဲ့ ထောင်ထဲပြန်ဝင်။ ပြည်သူတွေမှာ ထောင်ထွက်လက်မှတ်နဲ့ လူကိုကြောက်ရမလား၊ ဟိုလူ့ဆဲဒီလူ့ဆဲနဲ့ အရပ်ကဝိုင်း ပြည်သူဝိုင်းကြမှ အရှုးလက်မှတ်တွေနဲ့ အရှုးကွက်နင်းတဲ့လူတွေက တစ်မျိုး၊ ဒီကြားထဲ ဝီတန်ခိုးနဲ့ သူခိုးက လူပြန်ဟစ်၊ အာဏာကျွန်စနစ်အောက် လူလုံးပျောက်လို့ မျက်တွင်းဟောက်ပက်ဖြစ်ရအောင် လက်ဝေခံစား အကွက်တွေ ဆန်းပြားအားမတရားတရားဟော လူထုတောမှာ ပြည်သူ့မေတ္တာ စူးအောင်လုပ်နေတဲ့ သက်န်းအရေခြုံ တချို့ကြောင့်လည်း ပြည်သူတွေ မျက်နှာညှိုးရပါတယ်။
**အိုးပေါက်** - ဒါပဲလားဗျာ။

**တုတ်ထိုး** - ဒါတင်ကရိုးလားဗျာ။ အစိုးရကို အကြည်အညိုပျက်စေမှုတို့၊ တပ်မတော် အကြည်ညိုပျက်စေမှုတွေ ရှိသလောက် ပြည်သူအများ စိတ်သောကပွားအောင် လုပ်နေတဲ့ ဂန်းစတားဆရာတော်ကျ ဘယ်ပုဂ္ဂိုလ်ကမှ တရားမစွဲကြဘူး။
**အိုးပေါက်** - ဘယ်က ဂန်းစတားဆရာတော်တုန်း။

**တုတ်ထိုး** - မပြောတော့ပါဘူး။ ပြောကို မပြောချင်တော့ပါဘူး။ သိချင်ရင် ရှာဖတ်ကြပါတော့။
**အိုးပေါက်** - အဲ့ဒီလောက်တောင်လား ဗျာ။

**တုတ်ထိုး** - ဒီ့ထက်တောင် ပိုပါသေးရဲ့။
**အိုးပေါက်** - အစိုးရ အကြည်ညိုပျက်အောင် လုပ်တာကိုး၊ တပ်မတော် အကြည်ညိုပျက်တာတို့တွေကျတော့ အရေးယူကြပြီး ပြည်သူအကြည်ညိုပျက်အောင် လုပ်နေတဲ့ သူတွေကိုတော့ ဘာလို့ အရေးမယူကြတာလဲဟင်။

**တုတ်ထိုး** - ဟဲ့ ဟဲ့။ သူများကို တုတ်နဲ့လာမထိုးနဲ့၊ တုတ်ထိုးတို့ ဘာမှ မသိဘူး။
**အိုးပေါက်** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဟဲ ဟဲ ဟဲ ။
**အိုးပေါက်** - ဒါနဲ့ဥရောပသမဂ္ဂကောင်စီက မြန်မာ့တပ်မတော်အပေါ် အရေးယူပိတ်ဆို့မှုတွေကို တစ်နှစ်သက်တမ်း တိုးမြှင့်ကြောင်း ထုတ်ပြန်ကြေညာထားတယ်ဗျ။

**တုတ်ထိုး** - ကျုပ်တော့ အဲ့ဒါတွေကို စိတ်မဝင်စားပေါင်။ ကျုပ်စိတ်ဝင်စားတာက ကျုပ်တို့ဘယ်တော့ ငြိမ်းချမ်းရေး ရမလဲဆိုတာပါပဲ။
**အိုးပေါက်** - ငြိမ်းချမ်းရေးလား၊ မပူပါနဲ့ ရမှာပါ။

**တုတ်ထိုး** - ဘယ်တော့လဲ။
**အိုးပေါက်** - နောင်ပွင့်တော်မူမယ့် အရိမေတ္တေယျဘုရား ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ။

**တုတ်ထိုး** - ဟွန်း၊ အကောင်းပြောရင် ဖောက်ဖောက်လာတယ်။ မီးကပျက် နေကပူရတဲ့ကြားထဲ။
**အိုးပေါက်** - အနောက်နိုင်ငံတချို့မှာ မီးသီးတီထွင်နိုင်ခဲ့တဲ့ အက်ဒီဆင်ကို ဂုဏ်ပြုသောအားဖြင့် တစ်နှစ်ကိုတစ်ခေါက် ၁ မိနစ် မီးဖြတ်တယ်တဲ့။ အမှောင်ထဲမှာ တစ်မိနစ် ဂုဏ်ပြုတာပေါ့ဗျာ။

**တုတ်ထိုး** - အဲ့ဒီ အနောက်ကလူတွေ ကျုပ်တို့မြန်မာပြည်က EPC လောက် အက်ဒီဆင်ကို မချစ်ကြ၊ ဂုဏ်မပြုကြပါဘူးဗျာ။ ကျုပ်တို့နိုင်ငံက သူတို့နိုင်ငံတွေထက် သမိုင်းဝင်ပုဂ္ဂိုလ်တွေကို အသိအမှတ်ပြုကြတယ်။ သတိပိုရကြပါတယ်ခင်ဗျ။
**အိုးပေါက်** - ဗျာ၊ ဘယ်လိုဘယ်လို။ ကျုပ်တို့က သူတို့ထက် အက်ဒီဆင်ကို ပိုချစ်ကြတယ်။ ပိုဂုဏ်ပြုတယ်၊ ပိုသတိရကြတယ်တဲ့လား။

**တုတ်ထိုး** - ဟုတ်တယ်လေဗျာ။ သူတို့ဆီမှာ တစ်နှစ်မှာ တစ်ခါ တစ်မိနစ် မီးဖြတ်ထားတယ်။ ကျုပ်တို့ဆီမှာတော့ နေ့တိုင်း မီးဖြတ်တယ်။ တစ်ခါမီးဖြတ်ရင် တစ်မိနစ်မကဘူး။ နာရီဝက်လည်း ဟုတ်တယ်၊ တစ်နာရီလည်း ဟုတ်တယ်။ ပိုသတိရရင် တစ်ပတ်လောက်တောင် ကြာတတ်တယ်။ ဒါကြောင့် ခဏခဏ သတိရကြပါတယ်။
**အိုးပေါက်** - ကျုပ်တို့ ဟိုတစ်လောက မြို့ထဲသွားတယ်။ ဟိုနားအိမ်ကလည်း ဖယောင်းတိုင်လေးတွေနဲ့။ ပြက္ခဒိန်ကို ခဏခဏ လှန်ကြည့်မိတယ်။ ကျုပ်ပဲ ရာသီတွေ ရက်တွေမှားနေလားပေါ့။ အခုမှ တန်ခူးလ သင်္ကြန်ပွဲတော် ပြီးခါစရှိသေးတယ်။ သီတင်းကျွတ်ပွဲတော် တစ်ခါတည်း တန်းပြီးရောက်သွားသလားပေါ့။

**တုတ်ထိုး** - ဘာဖြစ်လို့။
**အိုးပေါက်** - မီးမလာတော့ အိမ်တိုင်းအိမ်တိုင်းက ဖယောင်းတိုင်လေးတွေ ထွန်းထားကြတယ်လေ။ အဲ့ဒါကြောင့် သီတင်းကျွတ် တန်းရောက်သွားတာ ထင်နေတာ။

**တုတ်ထိုး** - မှတ်ထောင်ထားရအုန်းမယ်
**အိုးပေါက်** - ဟဲ ဟဲ ဟဲ ။

**တုတ်ထိုး** - နေကလည်းပူတော့ နေရထိုင်ရခက်သဗျ။ နေပူတော့လည်း မိုးရွာပါစေ ဆုတောင်းချင်တာ။ ဒါပေမဲ့ မိုးရွာရင် မီးပြတ်တတ်လို့ ဆုမတောင်းရဲဘူး။
**အိုးပေါက်** - နေပူတော့ လေတိုက်ပါစေ ဆုတောင်းတာပေါ့။

**တုတ်ထိုး** - ဒါလည်း ဆုမတောင်းရဲဘူး။
**အိုးပေါက်** - ဘာလို့။

**တုတ်ထိုး** - လေတိုက်လည်း မီးပြတ်တတ်လို့။
**အိုးပေါက်** - နေပူလည်းမီးပြတ်၊ မိုးရွာလည်းမီးပြတ်၊ လေတိုက်လည်း မီးပြတ်နဲ့။

**တုတ်ထိုး** - EPC က မှန်တာတစ်ခုတော့ ရှိတယ်။
**အိုးပေါက်** - မီးခဏခဏ လာတာလား။

**တုတ်ထိုး** - မဟုတ်ဘူး။ မီတာခ လာကောက်တာပဲ မှန်တာ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ဟဲဟဲ။
**အိုးပေါက်** - နေပူတဲ့အခါ အပူရှောင်နည်းတစ်ခုတော့ တွေ့ထားတယ်ဗျ။ ကျုပ်တို့ နှစ်ခါ၊ သုံးခါ လုပ်ကြည့်တာ အောင်မြင်တယ်။

**တုတ်ထိုး** - မျှဝေစမ်းပါဦးဗျာ။
**အိုးပေါက်** - နေ့လည်ခင်းမှာ နီးစပ်ရာ ဘဏ်တစ်ခုခုဆီ သွားပါ။

**တုတ်ထိုး** - အင်း။
**အိုးပေါက်**- ပြီးတော့ ကိုယ့်ရဲ့မှတ်ပုံတင်ကို ထုတ်ပြ။ ဒီနံပါတ်နဲ့ ငွေလွှဲဝင်မဝင် မေးဗျာ။

**တုတ်ထိုး** -ပြီးတော့ရော။
**အိုးပေါက်** - ပြီးတော့ ဘဏ်ကနေ ငွေလွှဲမဝင်တဲ့အကြောင်း ပြောရင် COC ဆော့၊ facebook သုံးပြီး စောင့်နေလိုက်။ ညနေ ဘဏ်ပိတ်ချိန်အထိ ထိုင်နေပေတော့။ ဘဏ်မှာ အဲကွန်းရတော့ အပူဒဏ်သက်သာပါလိမ့်မယ်။ ဟဲ ဟဲ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - အဲ့ဒီနည်းကို မြစ်ကြီးနားသတင်းဂျာနယ်တိုက်က အယ်ဒီတာကြီးတောင် စမ်းသပ်ခဲ့ဖူးသတဲ့။

**တုတ်ထိုး** - မီးတွေ အပူတွေ ခဏထားဗျ။ နွံအကြောင်း ပြောကြရအောင်။
**အိုးပေါက်** - စိတ်ချမ်းမြေ့စရာလေး ပြောဖို့တောင် ဘာမှ မရှိပါလားဗျာ။

**တုတ်ထိုး** - သယံဇာတ ကျိန်စာလို့သာ ဆိုပါတော့ဗျာ။ ဖားကန့်နွံကန်ပွင့်ကျတဲ့ သတင်းတွေနဲ့ပတ်သက်ပြီးတော့ စိတ်မကောင်း ဖြစ်ရပါတယ်။
**အိုးပေါက်** - သေဆုံးသူ၊ ထိခိုက်တဲ့သူတွေ အတွက်တော့ သက်ဆိုင်ရာကုမ္ပဏီက အပြီးသတ် လျော်ကြေးပေးသတဲ့ဗျ။

**တုတ်ထိုး** -ကုမ္ပဏီ(၁၁)ရဲ့လုပ်ကွက်(၁၇)ကိုလည်း အန္တရာယ်ရှိတဲ့နေရာအဖြစ် သတ်မှတ်ပြီး ပိတ်သိမ်းဖို့ ညွှန်ကြားထားတယ်တဲ့ဗျ။
**အိုးပေါက်** - ဖားကန့်ဒေသရဲ့ ကျော်စိမ်းတူးဖော်ရေးမှာ လက်နက်ကိုင်တွေ ပါဝင်ပတ်သက်တာတွေ ရှိနေတော့ အစိုးရရဲ့ အာဏာသက်ရောက်မှုဟာ ဘယ်လိုအခြေအနေ ရှိမလဲဗျ။

**တုတ်ထိုး** - အကန့်အသတ်နဲ့ပဲ ရှိနေမှာပေါ့ဗျာ။
**အိုးပေါက်** - ဘယ်သူသေသေ ငတေမှာရင်ပြီးရော ဆိုတဲ့ လူတွေရဲ့ လောဘတွေကြောင့်ရယ်၊ စနစ်တကျနဲ့ နည်းလမ်းမှန်မှန် မတူးဖော်မှုတွေကြောင့်ရယ် နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးအနေနဲ့ နွံကန်တွေ ကျိုးပေါက်ရတယ်။ မြေစာတွေ ပြိုကြရတယ်။

**တုတ်ထိုး** - ပြီးတော့ ကျောက်စိမ်းတူးဖော်မှုမှာ တရုတ်နိုင်ငံသားတွေ ကြီးစိုးနေတာကလည်း ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။
**အိုးပေါက်** - ဒေသခံပြည်သူတွေ၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအတွက် လုပ်ကိုင်ဖို့အခွင့်အရေးတွေ ဖန်တီးပေးဖို့ အရေးကြီးတယ်ဗျို့။

စာ .. ၁၀ သို့ »

www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal



# ငှက်ပျောခြံ လုပ်သားများ

## လုပ်အားခ မရကြ၍ အခက်တွေ့



ဓာတ်ပုံ - စည်သူ

မြစ်ကြီးနား၊ မေ ၁

ကချင်ပြည်နယ်အတွင်းရှိ တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်းအချို့တွင် အလုပ်သမားများကို လုပ်အားခမရှင်းသည့် ပြဿနာများနှင့် ရသင့်သည့် လုပ်ခများ မရရှိသည့် ပြဿနာများရှိနေကြောင်း အလုပ်သမားများက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ အလုပ်သမားများသည် ဝိုင်းမော်မြို့နယ်၊ စန်းကားကျေးရွာရှိ ဆွတ်ဘွမ်ကုမ္ပဏီနှင့် ထိန်မင်းကုမ္ပဏီလက်အောက်ရှိလုပ်ငန်း စိုက်ခင်းများမှဖြစ်ပြီး မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာရှိ ကာချီဒေးကုမ္ပဏီမှ ဖြစ်ကြောင်း သိရသည်။

ဆွတ်ဘွမ် ကုမ္ပဏီက ငှက်ပျောစိုက်ခင်းမှ အခင်းတာဝန်ခံနှင့် အလုပ်သမားများကိုငှက်ပျောကားပျက်စီးခြင်း၊ တရုတ်ပြည်သို့ရောက်သော်လည်း ရောင်းမထွက်ခြင်း၊ ကားလမ်းပိတ်ခြင်း သို့မဟုတ် လမ်းခရီးတွင် အချိန်ကြန့်ကြာမှုများ ရှိသည့်အတွက် ငှက်ပျောသီးပျက်စီးသွားခြင်း စသည့်အကြောင်းပြချက်မျိုးစုံဖြင့် အလုပ်သမားများ ရသင့်သည့် ပိုက်ဆံများကို မပေးကြောင်း အလုပ်သမားများက ပြောသည်။

"ကျွန်တော်တို့က သူတို့ခိုင်းသလို ငှက်ပျောသီးရတဲ့အချိန်အထိ အလုပ်လုပ်ပေးခဲ့တာလေ။ ခြံထဲမှာကို ငှက်ပျောသီးခုတ်ယူပြီး ကားပေါ်တင်ယူသွားကြပြီး လမ်းမှာဘာဖြစ်ဖြစ် ကျွန်တော်တို့နဲ့ မဆိုင်ဘူး။ ဘာဖြစ်တယ်ဆိုတာ ကျွန်တော်တို့က မြင်လည်းမမြင်ဘူး။ အဲဒါ သူတို့က လမ်းမှာ ဘာဖြစ်တယ်ညာဖြစ်တယ်နဲ့ ပိုက်ဆံလာမပေးဘူး"ဟု ဦးနိုင်ဦးက ပြောသည်။

ဈေးရောင်းသူနှင့် ဝယ်သူနှစ်ဦးကြား ရောင်းသူကအကောင်းအတိုင်း ရောင်းပေး၍ ဝယ်သူမှလည်း သဘောတူ ဝယ်ယူသွားပြီဖြစ်သဖြင့် ရောင်းသူက ကျသင့်သည့် ပစ္စည်းတန်ဖိုးကို ရပိုင်ခွင့်ရှိကြောင်း၊ ဝယ်သူလက်ထဲ ရောက်ရှိသွားပြီးနောက် ဖြစ်ပေါ်သည့် ကိစ္စသည် ရောင်းသူနှင့်မသက်ဆိုင်ကြောင်း ငှက်ပျောလုပ်သားတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဘက်ကတော့ အလုပ်လုပ်တဲ့သူတွေအားလုံးကို စာချုပ်ချုပ်ထားတာဖြစ်တဲ့အတွက်ငှက်ပျောကားထွက်ပြီဆိုတာနဲ့ ပိုက်ဆံလည်းတစ်ခါတည်းပေးပါတယ်။ ဒီလုပ်ငန်းက အင်မတန်မှမွန်မြတ်တဲ့ အလုပ်ဖြစ်တဲ့အတွက် ပိုက်ဆံမပေးဘဲနဲ့တော့ မထားပါဘူး။ အားလုံးကို ပေးပါတယ်။ တစ်ခါတလေ လမ်းခရီးကြောင့် ငွေပေးချေမှု အချိန်ကြန့်ကြာမှုတွေတော့ ရှိတယ်"ဟု ဆွတ်ဘွမ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးလရစ်က ပြောသည်။

ယင်းလုပ်ကွက်ရှိ ကျင်စား အလုပ်သမားအဖွဲ့များကို ငှက်ပျောကားတစ်စီးလျှင် မြန်မာငွေကျပ်သိန်း ၂၀၊ ငှက်ပျောသီး ဆေးသည့် အလုပ်သမားအဖွဲ့ကို ကားတစ်စီးလျှင် ကျပ် ၁၀ သိန်း စသည်ဖြင့် အမျိုးအစားလိုက် ပေးချေမှုများရှိကြောင်း ဦးလရစ်က ရှင်းပြသည်။

ထိန်မင်းကုမ္ပဏီက ၎င်းစိုက်ခင်းရှိ ငှက်ပျောသီးများကို တရုတ်ပြည်မှ သတ်မှတ်ထားသည့် ငှက်ပျောသီးအရွယ်အစား စံနှုန်းထက်ကျော်သည့် အသီးများနှင့် မပြည့်သည့် အသီးများကို ပယ်သီးအဖြစ် သတ်မှတ်လိုက်ကာ ထိုပယ်သီးများအတွက် အလုပ်သမားများကို ကုမ္ပဏီပိုင်ရှင်များက ပိုက်ဆံမပေးကြောင်း သိရသည်။

"ငှက်ပျောသီးတွေက ကြီးတယ်ဆိုလည်း ပယ်၊ သေးတယ်ဆိုပြီး ပယ်တယ်။ အဲဒါတွေက မယူဘူးလားဆိုရင်တော့လည်း ပြန်ယူသွားကြတယ်။ ပြီးတော့ ကျွန်တော်တို့ အလုပ်သမားတွေကိုကျတော့ ပယ်သီးအတွက် ပိုက်ဆံတစ်ကျပ်မှမပေးဘူး။ သူတို့ သတ်မှတ်ထားတဲ့ အသီးအတွက်ပဲ ပေးတယ်"ဟု ဦးကိုဘုန်းက ပြောသည်။

ထိုသို့ သတ်မှတ်ထားသည့် အသီးအရွယ်အစား စံနှုန်းပြည့်ခြင်း မပြည့်ခြင်းထက် ကုမ္ပဏီအနေဖြင့် အားလုံးယူသွားခြင်း သာဖြစ်သည့်အတွက် ၎င်းတို့ စံသတ်မှတ်သည့် ငှက်ပျောသီးဈေးနှုန်းထက်လျော့ကာ ပေးစေလိုကြောင်း အလုပ်သမား ၆ ဦးကိုယ်စား ဦးကိုဘုန်းက ပြောသည်။

ထိန်မင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဌေးက "တရုတ်ပြည်က သူတို့သတ်မှတ်ထားတဲ့ ငှက်ပျောသီး အရွယ်အစား ရှိတယ်။ အဲဒီအရွယ်အစားထက်ကြီးရင်လည်း မကြိုက်ဘူး။ လုပ်ကွက်တွေမှာ ပြဿနာက အမျိုးမျိုးရှိတယ်။ ကျွန်တော်တို့ဘက်က မဖြေရှင်းဘဲနဲ့တော့ မထားဘူး။ ဖြေရှင်းပေးပါတယ်"ဟု ပြောသည်။

ထို့အပြင် ၎င်းတို့၏ ငှက်ပျောကုမ္ပဏီလုပ်ကွက်များသည့်အတွက် စန်းကားကျေးရွာရှိ မည်သည့်လုပ်ကွက်က ဖြစ်သည်ကို စုံစမ်းပေးမည်ဖြစ်ကြောင်း၊ ယင်းလုပ်ကွက်ရှိ ခြံတာဝန်ခံကို မိမိတို့ ရသင့်ရထိုက်သည်များ တောင်းယူခွင့်ရှိသည့်အပြင် မပေးပါက ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့်ပြောခွင့်ရှိကြောင်းနှင့် မရပါက သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြကာ တောင်းဆိုခွင့်ရှိကြောင်း ဦးမြင့်ဌေးက ရှင်းပြသည်။

အလုပ်သမားများ အနေဖြင့် ရပိုင်သည့် အခွင့်အရေးများစွာရှိသည့်အတွက် ၎င်းတို့ဘက်မှ ပြဿနာကို အကောင်းဆုံး ဖြစ်အောင် ဖြေရှင်းပေးကြောင်း ၎င်းက ထပ်မံပြောသည်။

တာလောကြီး ကျေးရွာ၊ ကာချီဒေးကုမ္ပဏီကမူ ငှက်ပျောခင်းစောင့် အလုပ်သမားကို ယခင်ကအလုပ်ခေါ်ချိန်တွင် ငှက်ပျောသီး တစ်ကျင်လျှင် တရုတ်ငွေ ၃ ယွမ်ပေးမည်ဟုဆိုကာ ခေါ်ယူထားပြီး ငှက်ပျောသီးထွက်သည့်အခါ ၎င်းတို့သတ်မှတ်ထားသည့် စံနှုန်း မပြည့်မီသည့်အတွက်၊ ခုတ်ရောင်းခြင်းမပြုတော့သည့်အတွက် လုပ်ခပေးရန် မရှိကြောင်း ကုမ္ပဏီပိုင်ရှင်က ပြောကြောင်း ဦးသန့်ဇင်ဦးက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

အခင်းတာဝန်ခံဖြစ်သူက ၎င်းရသင့်သည့်ငွေကို ရယူလိုကြောင်း အငြင်းအခုန်ဖြစ်ပွားခဲ့ရာ တစ်ခြံလုံးရှိ တရုတ်တစ်သျှူး ငှက်ပျောအပင်ရေ ၁၃၀၀၀ အတွက် တစ်ပင်လျှင် မြန်မာငွေကျပ် ၁၀၀၀ နှုန်းဖြင့် ပေးမည်ဟု ဆိုခဲ့သော်လည်း အခင်းထဲမှ ပျက်စီးသွားသည့် ငှက်ပျောခိုင်များကို ပေးလျော်မည်မဟုတ်ဟု ပြောသည့်အတွက် အလုပ်သမားများက ပြန်လည် ရယူလိုကြောင်း မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ကျွန်တော်က အပင်စပျိုးပြီး စိုက်ကတည်းက ပြုစုပေးခဲ့တာ အသီးသီးပြီး ခုတ်မယ့်အချိန်အထိပဲ။ ဒါကို သူတို့က ကျွန်တော့် ခြံထဲက ငှက်ပျောကို မခုတ်တော့ဘူး။ ကျွန်တော့်ကိုလည်း ပိုက်ဆံမပေးတော့ဘူး ပြောတယ်။ ဒါနဲ့ကျွန်တော်ကပေးဖို့ပြောတော့ အပင်အားလုံးအတွက်၁၀၀၀ကျပ်ပေးမယ်လို့ပြောတယ်။ ယူမယ်လို့ပြောပြီးပြီ။ ဒါကိုအခုကျတော့ပျက်တဲ့အပင်ကိုမပေးဘူးလို့ပြောလာတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ရသင့်ရထိုက်တဲ့ ငွေတွေအားလုံးကို ရချင်ပါတယ်"ဟု ဦးသန့်ဇင်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ ပြဿနာနှင့်စပ်လျဉ်း၍ ကာချီဒေးကုမ္ပဏီထံသို့ မြစ်ကြီးနားသတင်းဂျာနယ်မှ ဆက်သွယ်၍မရခဲ့ပါ။ ■

မွန်းမွန်းပန်

စာ .. ၉၊ တုတ်ထိုးအိုးပေါက်မှ »

**တုတ်ထိုး** - တရုတ်ဆိုလို့ ကြားဖူးနားဝလေးတစ်ခု ပြောပြချင်တယ်။
**အိုးပေါက်** - အိမ်ပြန် မိုးမချုပ်ခင် မြန်မြန်ပြောဗျာ။

**တုတ်ထိုး** - တစ်ခေါက်ကတဲ့ တရုတ်တစ်ယောက်ရယ်၊ အီသီယိုးပီးယား တစ်ယောက်ရယ်၊ မြန်မာတစ်ယောက်ရယ် ခရီးအတူသွားကြတယ်တဲ့။ တောလမ်းခရီး တစ်နေရာရောက်တော့ ကင်းခြေများတစ်ကောင်ဟာ မြန်မာရဲ့ ပခုံးပေါ် ပြုတ်ကျလာတယ်။ အဲ့ဒါနဲ့ မြန်မာက ဆတ်ခနဲခါထုတ်လိုက်တော့ တရုတ်ရဲ့ ပုခုံးပေါ် ပြန်ကျသွားတယ်တဲ့။
**အိုးပေါက်** - ဒီ တရုတ် ကြော်စားချက်စားမှာပဲ။

**တုတ်ထိုး** - မစားဘူးဗျ။ သူလည်း ခါချလိုက်တာ အီသီယိုးပီးယားရဲ့ ပခုံးပေါ် ပြုတ်ကျသွားတယ်။ အဲ့ဒီအခါ အီသီယိုးပီးယားက အဲ့ဒီကင်းခြေများကို တစ်ခါတည်း ဝါးစားပစ်လိုက်တယ်။
**အိုးပေါက်** - ဝေ့။

**တုတ်ထိုး** - ဒီလိုနဲ့ ခရီးဆက်ကြပြန်တယ်။ တစ်နေရာရောက်တော့ မြန်မာရဲ့ပခုံးပေါ် ကင်းခြေများတစ်ကောင်ပြန်ကျလာပြန်တယ်။ မြန်မာက ပုတ်ချလိုက်တာ တရုတ်ပခုံးပေါ် ကျသွားတယ်။ အဲဒီအခါ တရုတ်က ပခုံးပေါ်က ကင်းခြေများကိုဖမ်းပြီး အီသီယိုးပီးယားကို ပြောလိုက်တယ်။
**အိုးပေါက်** - ငါ့ကျေးဇူး မင်းအပေါ်မှာ ရှိတယ်နော်တဲ့လား။

**တုတ်ထိုး** - အဲ့လိုမပြောဘူး။
**အိုးပေါက်** - ဘာတဲ့။

**တုတ်ထိုး** - ဟိတ်ကောင်. . . ဒီကင်းခြေများကို မင်းစားချင်ရင် ငါ ရောင်းပေးမယ်နော်။ မင်းစားဖို့ ဝယ်မလားတဲ့။
**အိုးပေါက်** - ဒါ တရုတ်အစစ်ပဲ။

**တုတ်ထိုး** - ကဲ ကဲ ဒီနေ့တော့ ဒီလောက်ပဲ။ မိုးမချုပ်ခင် ပြန်မှ ဖြစ်မယ်ဗျို့။
**အိုးပေါက်** - ဘာဖြစ်လို့။

**တုတ်ထိုး** - EPC က အက်ဒီဆင်ကို ခဏခဏ သတိရတတ်လို့။
**အိုးပေါက်** - မှတ်တောင် ထားရဦးမယ်။ ။ ■

## မြောက်ပိုင်းမဟာမိတ် လေးဖွဲ့၏ မူဆယ်တွေ့ဆုံပွဲမှ ရလဒ်သည်

# NCA အတွက် ပွင့်လာသော တံခါးတစ်ချပ်ဖြစ်ဟု PCG သုံးသပ်




မေ ၃

ငြိမ်းချမ်းရေးကော်မရှင်နှင့် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့၏ မူဆယ်မြို့ တွေ့ဆုံဆွေးနွေးပွဲ ရလဒ်သည် အပစ်ရပ်စာချုပ်အတွက် တံခါးပွင့်လာသည့် ဆွေးနွေးပွဲဖြစ်ကြောင်း ငြိမ်းချမ်းရေးဆွေးနွေးရေးအကျိုးဆောင်အဖွဲ့ (PCG)မှ တာဝန်ရှိသူ ဦးဆန်အောင်က ပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရလဒ်ကောင်းများ ရရှိခဲ့ပြီး လာမည့် မေလ တတိယအပတ်တွင် ထပ်မံတွေ့ဆုံရန် ယာယီအားဖြင့် သဘောတူခဲ့ကြကြောင်းလည်း သိရသည်။

"မူဆယ်ဆွေးနွေးပွဲက တော်တော်လေးကို တိုးတက်ပါတယ်။ နဂိုကတော့ ကေအိုင်အို/ကေအိုင်အေမပါတဲ့ဘဲနဲ့ ကျန်တဲ့ ၃ ဖွဲ့ကတော့ လုံးဝ မတွေ့နိုင်မယ့် အနေအထားမျိုး ရှိတဲ့အထဲက အခုကတော့ တွေ့ပြီးမှ နှစ်ဖက်လည်း အပစ်ရပ် Bilateral စာချုပ်ကို အပြန်အလှန်ပေးလိုက်နိုင်တဲ့ အနေအထားမျိုးရှိနေတယ်. . အခါကျတော့ ဆက်လက်ပြီးတော့ တံခါးပွင့်သွားတဲ့အခြေအနေကောင်း ဖြစ်သွားတာပေါ့"ဟု ဦးဆန်အောင်က ပြောသည်။

လာမည့် မေလ တတိယအပတ်တွင် နှစ်ဦးနှစ်ဖက် အပစ်ခတ်ရပ်စဲရေးသဘောတူညီချက်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

"ဒီကိုမလာခင် ကျွန်တော်တို့ကို ၃ ရက်ကြိုပြီး ကေအိုင်အေဘက်က အပစ်ရပ်စာချုပ်ကို ကြိုပေးပါတယ်။ ကျန်တဲ့အဖွဲ့ ၃ ဖွဲ့ကတော့ ဒီကနေ့ အစည်းအဝေးခန်းမထဲရောက်မှ ရတဲ့အတွက် ဒီအပေါ်မှာ သူတို့ရဲ့ အဆိုပြုချက်တွေအပေါ်မှာ NRPC ဘက်နဲ့ တပ်မတော်ဘက်က position ပြန်ယူဖို့ ရှိပါတယ်၊ ပြန်ယူဖို့ ရှိတဲ့အတွက် နောက်တစ်ကြိမ် အစည်းအဝေးကို ရွှေ့လိုက်တာဖြစ်ပါတယ်။ နောက်တစ်ကြိမ်အစည်းအဝေး မတိုင်ခင် ကြားထဲမှာ အပြန်အလှန် အီးမေးလ်နဲ့သော်လည်းကောင်း ကျန်တဲ့ ဆိုရှယ်မီဒီယာ၊ အင်တာနက်က တစ်ဆင့် ပေးပို့ပြီးတော့ နှစ်ဦးနှစ်ဘက် သဘောတူညီချက် ညှိနှိုင်းဖို့ ရှိပါတယ်။ ညှိနှိုင်းပြီးရင်တော့ မေလထဲမှာ NRPC နဲ့ တပ်နဲ့ အမြန်ဆုံး တွေ့ဆုံဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဦးဇော်ဌေးက RFA သတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်နိုင်ရန် အရေးကြီးသော ခြေလှမ်းဖြစ်ပြီး မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့ အနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး လုပ်ငန်းများကို စေတနာမှန်ကန်စွာဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့က မေ ၂ ရက်က သဘောထား ထုတ်ပြန်ခဲ့သည်။

တပ်မတော် အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်ဧပြီ ၃၀ ရက်နေ့အထိ မြောက်ပိုင်းတိုင်း၊ အရှေ့ပိုင်းတိုင်း၊ အရှေ့မြောက်တိုင်း၊ အရှေ့အလယ်ပိုင်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှု ရပ်ဆိုင်းပေးခဲ့ပြီး ငြိမ်းချမ်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးက ဇွန်လ ၃၀ ရက်နေ့အထိ ၂ လ ထပ်မံတိုးမြှင့် ရပ်ဆိုင်းပေးကြောင်း ဧပြီလ ၃၀ ရက်နေ့က သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ထုတ်ပြန်ချက်တွင် အပစ်အခတ် ရပ်စဲရေး ကာလအတွင်း NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခဲ့ကြပြီး ထိုသို့ ဆွေးနွေးကြရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သော KIA,TNLA,

စာ .. ၁၈ သို့ »










# Without

# ကားတွေ ဖမ်းသင့်လား၊ မဖမ်းသင့်ဘူးလား



ဦးဘရန်နူး

လိုင်စင်မဲ့ယာဉ်တွေ ဖမ်းဆီးအရေးယူဖို့ကိစ္စက ဝန်ကြီးချုပ်ကို ညွှန်ကြားတာလား၊ တင်ပြတာလား၊ သိပ်မကွဲဘူး။ ဒီ လိုင်စင်မဲ့ကားတွေကို တစ်နိုင်ငံလုံး အတိုင်းအတာမှာ အသုံးပြုနေသူတွေ ရှိတဲ့အထဲကမှ ကေအိုင်အေအဖွဲ့တွေကိုပဲ အဓိက ပစ်မှတ်ပြုနေသဖွယ် စာသားတွေမြင်ရတာဟာ သိပ် Pro မဆန်ဘူးလို့ မြင်တယ်။ ပြည်ထောင်စုအစိုးရမှ ယုံကြည်မှုနဲ့ ငြိမ်းချမ်းရေး တည်ဆောက်နေတဲ့အချိန်မှာ ထိလွယ်ရှလွယ်တဲ့ စကားလုံးမျိုး အထူးသတိထား ရှောင်ရှားသင့်ပါတယ်။ ပြီးတော့ အဲဒီကားတွေက မြဝတီဘက်ကနေ အဆင့်ဆင့် ဂိတ်တွေဖြတ်ပြီး ရောက်လာတယ် ဆိုတာကိုလည်း သတိရသင့်တယ်။ အများပြည်သူများဟာ လိုင်စင်မဲ့ကားတွေကို အသုံးပြုကြတယ်ဆိုပေမယ့် မိမိချွေးနဲ့စာနဲ့ ဝယ်နေကြခြင်းသာ ဖြစ်ပါတယ်။ ပြီးတော့ အစိုးရဌာနဆိုင်ရာ အကြီးအကဲတွေ၊ အစိုးရဝန်ထမ်းတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေ၊ လူမှုရေး ပရဟိတအသင်းအဖွဲ့တွေ တပ်မတော်သားတွေလည်း အဲ့ဒီ လိုင်စင်မဲ့ကားတွေပဲ။ အဆိုးရွားဆုံးက ဖားကန့် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီတွေ အသုံးပြုတဲ့ စီးပွားရေးလုပ်ငန်းသုံး ယန္တရားကြီးအားလုံးလည်း အဲဒီ လိုင်စင်မဲ့ယာဉ်တွေချည်း ပါပဲ။ လက်ရှိ ပြည်သူနဲ့အတူဆိုတဲ့ ဒီမိုကရေစီ အစိုးရမှ ပြည်သူရဲ့ချွေးနဲ့စာနဲ့ ဝယ်ယူအသုံးပြုနေကြတဲ့ လိုင်စင်မဲ့မော်တော်ယာဉ်များကို ပရမ်းပတာနည်းလမ်းနဲ့ ဖမ်းဆီးအရေးယူခြင်းဆိုတာထက် ပိုကောင်းတဲ့ နည်းလမ်းကောင်းလေးများ စဉ်းစားတတ်ဖို့ အမြဲတမ်း နစ်နာမှုတွေနဲ့ပဲ။ နှစ်ပါးသွားနေရတဲ့ မြန်မာပြည်သူတွေ ဘက်ကိုလည်း ငဲ့ညှာပေးနိုင်ဖို့ အထူးမျှော်လင့်ပါတယ်။



ဦးထွယ်ရှောင် (ဖားကန့်)

လိုင်စင်မဲ့ကားနဲ့ ပတ်သက်ပြီးတော့ အစိုးရကရော၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနကရော ထုတ်ပြန်ကြေညာချက်တွေအပေါ်မှာ ကြည့်ရမယ်ဆိုရင်တော့ ပထမအချက်က ဘာကြောင့် လိုင်စင်မဲ့ကားတွေ ရှိနေရတာလဲ။ ပြည်သူတွေဘာကြောင့် လိုင်စင်မဲ့ကားတွေ စီးနေရတာလဲ။ ဒုတိယအချက်က လိုင်စင်မဲ့ကားတွေ ဘယ်လိုဝင်လာသလဲ။ ဘယ်သူတွေကသွင်းသလဲ။ ပြည်သူတွေက ကိုယ်တတ်နိုင်သလောက်နဲ့ကားစီးကြတာပဲ။ လိုင်စင်မဲ့ကားတွေက ဈေးပေါတယ်၊ သိန်း ၂၀-၃၀နဲ့ဆိုရင် ဝယ်လို့ရပြီလေ။ အစိုးရက ပြည်သူအတွက် တကယ်စဉ်းစားရင် ဘာလိုင်စင်မဲ့ကားမှ ရှိလာမှာ မဟုတ်ပါဘူး။ ဘယ်သူရဲ့ ဖိအားပေးမှုကိုလည်း ကြောက်နေစရာမလိုပါဘူး။



ဦးဂျာကရင်တန်ဂျော်

လိုင်စင်မဲ့ကားတွေက မစီးခိုင်းစေချင်ရင် အစိုးရတွေအနေနဲ့ မဝင်ခိုင်းတာ ကောင်းတယ်။ တာဝန်ရှိတဲ့ အုပ်ချုပ်ရေးက လူတွေ ခွင့်မပေးရင်တော့ ဝင်ခွင့်ရမှာ မဟုတ်ဘူးလေ။ ကျွန်တော်တို့ ပြည်သူတွေရဲ့ သွားရေးလာရေးနဲ့ ပတ်သက်ပြီး လောလောဆယ် အဆင်ပြေတာတော့ လိုင်စင်မဲ့ကားတွေ အဆင်ပြေဆုံးပဲ။ ဒါကို ဖမ်းမယ်ဆိုရင်တော့ ကျွန်တော်တို့ ပြည်သူတွေရဲ့ သွားလာရေးကို အဆင်ပြေအောင် အရင် လုပ်ကိုလုပ်ပေးသင့်တယ်။ အောက်ပြည် ရန်ကုန်၊ မန္တလေးတွေမှာတောင် ပိုက်ဆံအများကြီး အကုန်ခံပြီး သွားလာရေးအတွက် ဘတ်စ်ကား၊ တက်စီ လုပ်ပေးတယ်။ ကျွန်တော်တို့ဆီမှာမှ မရှိတာ။ ပြည်သူတွေ သွားလာရေးအတွက် ကောင်းကောင်း မလုပ်ပေးဘဲ လိုင်စင်မဲ့ကားတွေကို ဖမ်းမယ်ဆိုရင်တော့ ဒါက ကျွန်တော်တို့ပြည်သူတွေကို အစိုးရတွေအနေနဲ့ ဒုက္ခပေးတယ်လို့ပဲ ကျွန်တော်တော့ မြင်တယ်။ ပြည်နယ်တွင်း အဆင်ပြေအောင် စီးနိုင်အောင် အစိုးရလည်း အခွန်ငွေရအောင် တရားဝင်နည်းလမ်းရှာပြီး သက်သာအောင် လုပ်ပေးရင်တော့ အကောင်းဆုံးပဲလို့ မြင်တယ်။ အဲ့လို မလုပ်ပေးရင်တော့ မြို့ကြီးပိုင်းနဲ့ နယ်မြို့တွေမှာတော့ တော်တော်လေး မျက်နှာလိုက်တယ်လို့ ပြောရလိမ့်မယ်။ ကချင်ပြည်နယ်ကစစ်ကြောင့်ပြည်သူတွေ ရှာဖွေစားသောက်ရတာ ခက်ခဲတော့ လိုင်စင်ကားတော့ ဝယ်စီးနိုင်ဖို့ မလွယ်ဘူး ဆိုတာကိုလည်း သူတို့သိပေးနိုင်ရင်တော့ ကောင်းမယ်။



ဦးဆိုင်းခွမ်အောင်

ဒါကတော့ ပြည်သူလူထုတွေရော ဌာနဆိုင်တွေရော လိုင်စင်မဲ့ကားတွေပဲ စီးနေကြတာပဲလေ။ အရင်က အစိုးရတောင် စီးခွင့်ပြုခဲ့တယ်။ ဒါပေမဲ့ ယာဉ်လိုင်စင်မဲ့ စီးပြီးမှ ယာဉ်တိုက်မှုတွေ မူးယစ်ဆေးဝါးမှုတွေ မိရင်က တရားရုံးက ပြန်မပေးတော့ဘူးလေ။ မြို့တွင်းမှာ အေးအေးဆေးဆေး စီးရင်တော့ အဆင်ပြေပါတယ်။ ဒီလိုင်စင်တွေကို ပေးဖို့က ပြည်နယ်အဆင့်က လုပ်လို့မရဘူးလေ။ ပြည်ထောင်စုအဆင့်ကပဲ လုပ်တော့ ပြည်နယ်အစိုးရက လုပ်ဖို့ခက်နေတယ်။ ဒီကားတွေကို ဖမ်းလိုက်မယ်ဆိုလည်း တစ်မြို့လုံးက လိုင်စင်မဲ့ကားတွေ သိမ်းလိုက်ရင် ဘယ်နေရာမှာ ထားမှာလဲ။ ဘယ်လို သိမ်းပစ်လိုက်မလဲ။ သိမ်းလိုက်ရင် ဟိုသွား ဒီသွား အဆင်မပြေတော့ဘူး။ ပြည်သူတွေ အခက်အခဲဖြစ်လာမယ်။ ဒါကြောင့် ဒီလိုင်စင်မဲ့ကားတွေကို ပြည်နယ်အစိုးရက အထူးစဉ်းစားပြီး ဖြေရှင်းသင့်တယ်၊



ဦးဖလာလွမ်းခေါင် (ဗိုင်းမော်)

အစိုးရအနေနဲ့တော့ ဘယ်လိုတွေးပြီး လုပ်တာလဲတော့ မသိဘူးပေါ့။ ဒါပေမယ့် ပြည်သူတွေရဲ့ နေ့စဉ်သွားလာရတဲ့ ကိစ္စရပ်တွေနဲ့ ကချင်ပြည်နယ် တိုးတက်ဖွံ့ဖြိုးလာအောင် လုပ်ဆောင်နေရတဲ့ အခြေအနေဖြစ်တော့ အခုလို ကားတွေက ပြည်သူတွေအတွက် အသုံးဝင်နေတယ်။ ဒါပေမဲ့ အစိုးရအနေနဲ့ ဥပဒေနဲ့ လုပ်လာမယ်ဆိုတော့ ဘယ်အရာကို အဓိက ဦးတည် ပြီးလုပ်လာမလဲတော့ မသိဘူး။ ပြောချင်တာက ဘယ်လိုအရာကို အဓိကထားပြီး လုပ်မှာလဲ။ ဥပမာ သူတို့ အခွန်မရလို့လား၊ မဟုတ်ရင် နယ်လုံဝန်ကြီးဆီက စာအရတော့ ရာဇဝတ်မှုတွေ များလာလို့လားတော့ မသိဘူး။ ဒါပေမဲ့ ဒီဟာကို ပိုကောင်းအောင်၊ ပိုအကျိုးရှိအောင် လုပ်ရင်တော့ ကောင်းမယ်။ အခုလို ရုတ်တရက်ကြီး ဖမ်းမယ်ဆိုရင်တော့ ပြည်သူအတွက် ဘာအကျိုးမှ မပြုဖူးလို့ မြင်တယ်။ အထူးသဖြင့် အကုန်လုံးလည်း ပြောနေကြတယ်။ ဖားကန့်လို နေရာမျိုးတွေဆိုရင် လုံခြုံရေးဘက်မှာပဲ မဟုတ်ဘူး။ အကြောင်းအမျိုးမျိုးဘက်မှာ ထိခိုက်တာမျိုးတွေ ရှိလာတယ်။ အဲ့ဒီတော့ အကုန်လုံးကို တစ်ပြေးညီနဲ့ တရားမျှတတဲ့ဘက်ကနေ ကိုင်တွယ်သွားရင်တော့ ကောင်းမယ်။ အဲ့ဒါအပြင် ပြည်သူတွေဘက်ကနေလည်း စက်ပစ္စည်း မော်တော်ယာဉ်တွေကို အသုံးပြုသွားနိုင်ဖို့ လမ်းဖွင့်ပေးနိုင်ရင်တော့ ကောင်းမယ် ထင်ပါတယ်။



ဦးမွန်းအောင် (မြစ်ကြီးနား)

ဒါက အဆင်မပြေဘူး။ မော်တော်ယာဉ် လိုင်စင်လုပ်မယ်ဆိုလည်း မော်တော်ယာ ဉ်တစ်စီး ပြန်ဝယ်နိုင်တဲ့ ငွေပမာဏဖြစ်နေတော့ အဆင်မပြေဘူး။ ဒါကြောင့်မို့ ပြည်သူလူထုတစ်ယောက် တတ်နိုင်တဲ့ ငွေပမာဏနဲ့ ယာဉ်လိုင်စင်ကို လုပ်ပေးစေလိုပါတယ်။ ဒီမော်တော်ယာဉ် ဖမ်းဆီးခြင်းက လူတစ်စုကို ကြောက်လို့ လုပ်နေတဲ့အခါမှာ ပြည်သူလူထုတွေက ခါးစာခံအဖြစ်ကို ရောက်နေတာ တွေ့ရတယ်။

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

# တရားဥပဒေစိုးမိုးမှု တရားမျှတမှုမရှိက တင်ပြနိုင်

ဧပြီ ၃၀

**တ**ရားဥပဒေ စိုးမိုးရေး ဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များ ရှင်းလင်းခြင်းအခမ်းအနားကို ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီလ ၂၉ ရက်က ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်ခဲ့သည်။

ပြည်နယ်အတွင်းရှိ တရားဥပဒေအရာရှိများနှင့် အရပ်ဘက်အဖွဲ့အစည်းများ စုပေါင်းကာ ထိုအခမ်းအနားကျင်းပရခြင်းမှာ ယင်းအဖွဲ့၏နှစ်နှစ်တာကာလအတွင်း ရှင်းလင်းမှုမပြုလုပ်ခဲ့သဖြင့် ပြည်သူလူထုမှ သိရှိခြင်းမရှိသဖြင့် တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့် တရားမျှတမှုများ ပူးပေါင်းဆောင်ရွက်မှုအားနည်းနေသောကြောင့် ပြည်သူများ နားလည်စေရန် ရှင်းလင်းပြောကြားခြင်း ဖြစ်ကြောင်း သိရသည်။

"အခု ရှင်းလင်းတာ တောင်မှသက်ဆိုင်ရာခေါင်းဆောင်ပိုင်းပဲ ရှိသေးတယ်။ သူတို့က ထပ်ဆင့် ရှင်းလင်းမှ ပြည်သူပါဝင်လာမှာ ဖြစ်ပါတယ်။ အဖွဲ့အစည်း ဘယ်လောက်ပဲ ကောင်းကောင်း ပြည်သူပါဝင်မှုမရှိဘူး၊ မပူးပေါင်းဘူးဆိုရင်တော့ မအောင်မြင်ဘူး။ ပြည်သူမှာလည်း အသိပညာပြန့်ပွားဖို့အတွက် ကျွန်မတို့အဖွဲ့နဲ့ ချိတ်ဆက်ဖို့ လိုပါတယ်"ဟု တရားလွှတ်တော် ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

တရားဥပဒေ စိုးမိုးမှုနှင့် ပတ်သက်ပြီး တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ တရားမျှတမှုမရှိခြင်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက် သော်လည်းကောင်း ခံစားနေရပါက အဆိုပါအဖွဲ့ရှိရာ ပြည်နယ်တရားဥပဒေချုပ်ရုံးသို့ စာရေးသား တင်ပြနိုင်ကြောင်း သိရသည်။

"ကျွန်မတို့အဖွဲ့ အနေနဲ့ ဖြေရှင်းမှုပိုင်းမှာ တရားဥပဒေစိုးမိုးရေးမှာပါတဲ့ တရားရေး၊ ပြည်ထဲရေး ဒါ့အပြင် လဝက၊ မြေစာရင်း စတဲ့ ဌာနတွေမှာ တရားမမျှတမှုတွေရှိရင်လည်း တင်ပြနိုင်ပါတယ်"ဟု ဒေါ်ဒွဲဘူက ဆက်လက်ပြောသည်။

ထိုသို့ တင်ပြလာသည့်အမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည် ဖြစ်ပြီး စစ်တပ်နှင့် ပတ်သက်သည့်ကိစ္စရပ်များကိုနေပြည်တော်ရှိ ၎င်းတို့၏ ဗဟိုအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ■

မွန်းမွန်းပန်

# ICRC အကူအညီဖြင့် ဂျော်မဆတ်စစ်ရှောင်စခန်း ခြံခတ်ပြီးစီး



မေ၃

မြစ်ကြီးနားမြို့၊ နောင်နန်း(၁၀)မိုင် မော်တောင်းကျေးရွာ ဂျော်မဆတ်နှစ်ခြင်း ခရစ်ယာန် စစ်ရှောင်စခန်းရှိ စစ်ရှောင်ပြည်သူများ နေထိုင်ရာခြံဝင်းကို နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC)၏ အကူအညီဖြင့် ပြုလုပ်ပြီးစီးခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ရှောင်ပြည်သူများ ဂျော်မဆတ်နှစ်ခြင်း ခရစ်ယာန် စစ်ရှောင်စခန်းသို့ ပြောင်းရွှေ့လာချိန်မှစ၍ ယနေ့အထိ လိုအပ်သောငွေကြေးနှင့် အသုံးအဆောင်ပစ္စည်းများ၊ လူနေဆောင်များကို ICRC က ကူညီပေးလျက်ရှိကြောင်း ဂျော်မဆတ်စစ်ရှောင်စခန်း လက်ထောက်တာဝန်ခံထံမှ သိရသည်။

ယခုအခါ ယင်းအဖွဲ့အစည်းမှ ပေပေါင်း(၁၉၈၀) ခန့် အကျယ်အဝန်းရှိသည့် ယင်းတို့နေထိုင်ရာစစ်ရှောင်စခန်းလုံခြုံမှုအတွက် ခြံဝင်းများခတ်ရန် ကွန်ကရစ်တိုင် သုံးရာကျော်ဝန်းကျင်နှင့် သံဇကာ အလိပ်ခြောက်ဆယ်ကို ထပ်မံလှူဒါန်းကူညီခဲ့ကြောင်း သိရသည်။

စစ်ရှောင်စခန်း၌ ခြံဝင်းမခတ်ခင်က ပြင်ပမှ အနှောင့်အယှက်များ ရှိခြင်း၊ ပစ္စည်းများ ပျောက်ခြင်းနှင့် ကလေးငယ်များ ဆော့ကစားရန် လုံခြုံမှုမရှိခြင်း စသည့်အခြေအနေများ ရှိခဲ့ကြောင်း ဂျော်မဆတ် စခန်းလက်ထောက်တာဝန်ခံ ဦးမုန်ဘန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ညဆိုရင်လည်း အပြင်က သူစိမ်းတွေ အရမ်းဝင်တယ်။ ကလေးတွေ စာကျက်တဲ့ အချိန်တွေဆိုရင်လည်း ကျောက်ခဲ လာပစ်တာတို့ ရှိတယ်။ စခန်းက လူတွေလည်း ကောင်းတဲ့သူရှိသလို၊ မကောင်းတဲ့သူလည်း ရှိတယ်။ သူတို့လည်း ညဘက်အပြင်ထွက်တာတွေ ရှိတယ်။ ကလေးငယ်တွေကို လွှတ်ထားတဲ့အချိန် သူတို့ကစားပြီး အပြင်ဘက်တွေ လျှောက်သွားမှာကို အစိုးရိမ်ဆုံးပဲ"ဟု ဦးမုန်ဘန်က ပြောသည်။

အဆိုပါ ခြံဝင်းခတ်ခြင်းကို မေလ ၂ ရက်နေ့တွင် စစ်ရှောင်စခန်းနေ ပြည်သူများစုပေါင်းကာပြုလုပ်ပြီးစီးခဲ့သောကြောင့် ယင်းတို့အတွက် လုံခြုံမှုကို ရရှိသွားပြီဖြစ်၍ ပျော်ရွှင်မိကြောင်းနှင့် ICRC မှ ယင်းခြံဝင်းခတ်ရန် လိုအပ်သောပစ္စည်းကရိယာများ လာရောက်ကူညီပေးသောကြောင့် ကျေးဇူးတင်ကြောင်း ဦးမုန်ဘန်က ဆက်လက်ပြောသည်။

"အခုတော့ စိတ်ထဲမှာဆို လုံခြုံမှု အရမ်းရှိသွားပြီ။ ခြံခတ်ပြီးပြီ ဆိုပေမယ့်လည်း လူအတွက် ခတ်ဖို့ဆိုတာတော့ ခက်တယ်လေနော်။ မခတ်တာထက် စာရင်တော့ ကောင်းသွားတာပေါ့လေ။ ဝင်ပေါက်ကတစ်ခုပဲ ရှိတော့တယ်ဆိုတော့ ကလေးတွေအတွက်လည်း လုံခြုံမှု ရှိသွားတာပေါ့"ဟု ၎င်းကဆိုသည်။

အဆိုပါ စစ်ရှောင်စခန်း၌ ယခုစာသင်နှစ်အတွက် ကလေးများစာကြည့်ရန် စာကျက်ဆောင် ဆောက်လုပ်ရန်၊ ကော်မတီရုံးဆောက်လုပ်ရန်နှင့် လူဦးရေတိုးများလာသောကြောင့် လူနေဆောင် တိုးချဲ့ဆောက်လုပ်ရန် လိုအပ်နေသေးကြောင်းလည်း သိရသည်။

ဂျော်မဆတ် နှစ်ခြင်း ခရစ်ယာန် စစ်ရှောင်စခန်းသည် တနိုင်းမြို့နယ်ရှိ အောင်လော့ဒ်၊ ဆွတ်ရိန်၊ ဆွတ်ရာကျေးရွာတို့မှ ရွှေ့ပြောင်းလာသည့် စစ်ရှောင်ပြည်သူ အိမ်ခြေ ၁၄၀ ရှိပြီး စုစုပေါင်း လူဦးရေ ၆၀၀ ကျော်ဝန်းကျင် နေထိုင်လျက်ရှိကြောင်း သိရသည်။

Benadeth



# Movie view

**ယခုအပတ် ရော(မြစ်ကြီးနား) ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**




**နေ့လယ် ၁၂း၃၀ နှင့် ည ၇း၀၀ ပွဲချိန်တွင်**

**မဟူရာ**



**ညနေ ၃း၃၀ ပွဲချိန်တွင်**

**ဘယ်ညာ... ဘယ်ညာ...**

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကဏ္ဍာ

## ခံစားသူအကြိုက်

| | |
|---|---|
| စာရေးသူ | = ကလောင်စုံ |
| ထုတ်ဝေသူ | = ဥတ္တရလမင်းစာအုပ်တိုက် |
| တန်ဖိုး | = ၃၀၀၀ ကျပ် |




ညီထွန်းလင်း

ဥတ္တရလမင်း စာအုပ်တိုက်မှ နှစ်စဉ်ထွက်ရှိခဲ့သော ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ မထွက်ရှိခဲ့သည်မှာ နှစ်ကာလအတန်ကြာခဲ့ပြီ။ အကြောင်းကြောင်းကြောင့် ထွက်ရှိနိုင်ခြင်းမရှိခဲ့သော ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုတိုများကို စောင့်မျှော်ခဲ့ကြသော ပရိသတ်များစွာ ရှိပါသည်။ ခံစားသူအကြိုက်မှာ ယခင်က စာရေးသူများ၊ စာဖတ်ပရိသတ်များအပေါ် စာပေဩဇာရှိခဲ့သော စာအုပ်ဖြစ်ပါသည်။ ခံစားသူအကြိုက်ဆိုလျှင် စိတ်ချယုံကြည်စွာ ဖတ်ရှုနိုင်သည်။ ခံစားသူအကြိုက်တွင် ပါဝင်ခွင့်ရသော စာရေးဆရာများမှာ စာပေဆုရသလောက် ပျော်ရွှင် ဝမ်းသာခဲ့ကြရသည်။ ယခုအခါတွင် ခံစားသူအကြိုက် ၂၀၁၈ ထွက်ရှိလာခဲ့ပါပြီ။ စာဖတ်သူများ ဝယ်ယူဖတ်ရှု သိမ်းဆည်းထားသင့်သော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

"အခုကျတော့လည်း လူသားအားလုံးဟာ ဘာကြောင့်မှ မွေးဖွားလာကြတာမဟုတ်ဘဲ၊မထင်မှတ်ဘဲ အားလုံး နိဂုံးချုပ်ကုန်ကြတယ်။ ချူကလီးယား စစ်ပွဲကြီး ပြီးဆုံးစ လူ့ကမ္ဘာဆိုတာ လုံးဝလုံးဝ တစပြင်။ သစ်ပင်မရှိ၊ မြစ်မရှိ၊ ချောင်းမရှိ။ ရှိတာက ပြိုပျက်တဲ့တောင်ကုန်းတွေ၊ တောင်တန်းတွေ၊ အဆောက်အဦပျက်နဲ့ အုတ်ပုံကြီးတွေ။ စစ်ပညာရှင်တွေရဲ့ အဆိုအမိန့်တွေက အလွန် မှန်ကန်ခဲ့ပြီလို့ ဆိုရမယ်။ ပထမကမ္ဘာစစ်အပြီး ကျန်ရစ်ခဲ့တဲ့ကမ္ဘာနဲ့၊ ဒုတိယကမ္ဘာစစ်ကြီးအပြီး ကျန်ရစ်ခဲ့တဲ့ ကမ္ဘာဟာ မတူဘူး။ ဒုတိယကမ္ဘာစစ်က ကမ္ဘာကြီးကို ပိုပြီးအထိနာစေခဲ့တယ်။ ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့ကြတဲ့ လက်နက်ဖျက်စွမ်းအားက ဖျက်အား ပိုကြီးမားပြင်းထန်လို့ပါပဲ။ ဒီပညာရှင်တွေကပဲ ဆက်ပြီး တကယ်လို့တတိယကမ္ဘာစစ်ဖြစ်ခဲ့ရင်တော့ဖျက်အားပြင်း ချူကလီးယားလက်နက်တွေ အသုံးပြုကြတော့မှာမို့ ချူကလီးယား စစ်ပွဲကြီးပြီးတဲ့အခါ အပျက်အစီးအလွန်များပြီး အရာရာဆိတ်သုန်းကုန်မှာ ဖြစ်တယ်လို့ ဆိုကြတယ်။ ဒီအထဲက နေ စစ်ပွဲကိုကြိုက်ပြီး စတုတ္ထကမ္ဘာစစ်ပါ ဆင်နွှဲကြဦးမယ်ဆိုရင်တော့ ကျောက်ခေတ်တိုက်ပွဲမျိုးနဲ့သာ တိုက်ခိုက်ကြရမှာဖြစ်ကြောင်း ပညာရှင်များ ခန့်မှန်းပြောဆိုကြပါတယ်။

အခုတော့တတိယကမ္ဘာစစ်လို့ ခေါ်ရမယ့် ချူကလီးယားစစ်ပွဲကြီး ပြီးဆုံးသွားပြီဖြစ်ပါတယ်။ မြင်ကွင်းတစ်ဆုံး အုတ်ပုံကမ္ဘာပေါ့။ သက်ရှိဆိုလို့ ဘာသတ္တဝါမှ မရှိတော့။ အုတ်ပုံအုတ်ပျက်တွေကြားမှာ မီးတောက်ဟောင်းတွေနဲ့ ချော်ရည်ပူတွေ အရောင်တဖျတ်ဖျတ် လူးလွန့်ဆဲ။ အချို့ ခြောက်သွေ့စပြုဆဲ။ ပြီးတော့ ရွှံ့ညွန်သဖွယ် မြေစေးအိုင်များ။ မြေစေးအိုင်အချို့က နဂါးပွက်အိုင်မှ စေးပျစ်ပျစ်အရည်တွေ တဗွက်ဗွက်မြည်ကာ ထိုးအန်တော့မည့်အတိုင်း ပျို့ပျို့တက်နေ။" (စာ - ၉၀ မှ) ■

## ပုဂံချစ်သူ

| | |
|---|---|
| စာရေးသူ | = ဦးဘုန်း (ဓာတု) |
| ထုတ်ဝေသူ | = လင်းလွန်းခင်စာအုပ်တိုက် |
| တန်ဖိုး | = ၃၅၀၀ ကျပ် |




ညီထွန်းလင်း

မြန်မာနိုင်ငံရဲ့ ရှေးဟောင်း အမွေအနှစ်ဖြစ်တဲ့ ပုဂံမြို့ဟာ မြန်မာနိုင်ငံသားတွေရဲ့ ရိုးရာယဉ်ကျေးမှု၊ ဘာသာသာသနာ၊ လူနေမှုဘဝ၊ စီးပွားရေးဘဝ၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ နေထိုင်ခဲ့ကြတဲ့ ရှေးမြန်မာတွေရဲ့ ပြယုဂ်တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့အမွေအနှစ်လည်း ဖြစ်ပါတယ်။ အဲ့ဒီလို မြန်မာနိုင်ရဲ့ တန်ဖိုးကြီးမားလှတဲ့ ဘိုးဘွား အမွေအနှစ်တွေကို စာပေ၊ ဂီတ၊ ကဗျာလင်္ကာများနဲ့ အမျိုးမျိုးအဖုံဖုံ ရေးဖွဲ့သီကုံးခဲ့ကြပြီးပါပြီ။ ယခုအခါ ဦးဘုန်း(ဓာတု)က ပုဂံအကြောင်းကို ပုံဂံချစ်သူဆိုတဲ့ခေါင်းစဉ်နဲ့ အတွေးရသဆောင်းပါးတွေ ရေးသား ထုတ်ဝေထားပါတယ်။ ပုဂံချစ်သူများအတွက် ဖတ်ရှုသင့်တဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။

ပုံ့သုကူမထေရ်မြတ်ကြီးကို လှည့်စားပြီး မင်းရှင်စောကို အခေါ်ခိုင်း၏။ အစ်ကိုဖြစ်သူကို နန်းပေးမည်ဟု ကတိပေး၏။ ထိုကတိကို ယုံစားမိ၍ ပုံ့သုကူမထေရ်မြတ်ကြီးက မင်းရှင်စောကို ပုဂံသို့ ကိုယ်တိုင်ခေါ်ဆောင်လာခဲ့၏။ သို့သော် ထီးနန်းကို မပေး။ ယုတ်မာ၏။ ကတိပျက်၏။ ယုတ်မာသော မင်း၏ တိုင်းပြည်တွင် မနေလိုသောကြောင့် သီဟိုဠ်သို့ ကြွတော်မူ၏။ ထိုကဲ့သို့ ကတိပေးပြီး အမျိုးမျိုးယုတ်မာကောက်ကျစ် ညစ်ထေးသူ။

ထီးနန်း ရပြီးသောအခါတွင်လည်း ရဟန်းတော်အချို့ကို လူဝတ်လဲစေခဲ့သူ။ ယခုမြင်တွေ့နေရသော အလွန်ကြီးကျယ်သည့် ဓမ္မရံစေတီကြီးကိုလည်း လူထုစေတနာအား၊ မေတ္တာအားမပါဘဲ အမိန့်ဖြင့် တည်ဆောက်စေခဲ့သူ။ အုတ်ချပ်တစ်ခုနှင့်တစ်ခုအကြား အပ်ထိုး၍ရပါက ပန်းရန်လုပ်သားများကို သတ်ပစ်သည်အထိ ရက်စက်တတ်သူ။ နန်းစံသက် သုံးလေးငါးနှစ်အတွင်း အလွန်ထုထည်ကြီးမားလှသည့် ဓမ္မရံကြီးစေတီကို အပြီးသတ်ခါနီးတိုင်အောင် တည်ထားခဲ့သူ။ အစဉ်အလာကြီးမားသည့် ပုဂံပြည့်ရှင်မင်းတို့၏ ဂုဏ်သတင်းကို မှေးမှိန်အောင် ပြုမူခဲ့သူ။ သာသနာတော်ကို အမှန်တကယ်ကြည်ညို၍ သဒ္ဓါစိတ်အပေါ် အခြေခံပြီး သာသနာပြုခဲ့သည့် မင်းများကို မထီမဲ့မြင်ပြုကာ မိမိသည်လည်း သာသနာတော်ကို ကြည်ညိုသယောင်ပြု၍ ထုထည်ကြီးမားလှသည့် ဘုရားကိုတည်ပြုပြီး အာဏာကို တံခွန်ထူခဲ့သူ။ ပုဂံမင်းဆက်တွင် အာဏာရှင်မင်းအဖြစ် ပထမဦးဆုံးမှတ်တမ်းဝင်ခဲ့သူ။ ပုဂံသူပုဂံသားတို့၏ အသည်းနှလုံးကို ကြိမ်မီးအုံးသကဲ့သို့ ပူဆွေးအောင် ပြုခဲ့သူ။ ရေခြားမြေခြား တိုင်းတစ်ပါးသားလက်ချက်ဖြင့် အသက်ပျောက်ခဲ့ရသူ။ နရသူမင်းသည် ဤသို့သော ဂုဏ်ပုဒ်များ ရှိခဲ့ပါ၏။ (စာ - ၅၀ မှ) ■

# နွေရာသီတွင် စားသုံးပေးသင့်သည့် အသီးအနှံများ

နွေရာသီသည် အခြားသောရာသီဥတုများနှင့် မတူပေ။ တစ်မူထူးခြား၍ ပူသည်။ ရာသီဥတုပူပြင်းလျှင် ချွေးထွက်များသည်။ ကိုယ်ခန္ဓာအတွင်းမှ ရေဓာတ်ပိုမိုကုန်ဆုံးခြင်း ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ်များ ချို့တဲ့မှု ဖြစ်ပေါ်စေသည်။ ထို့အပြင် နေရောင်ခြည်သည် UVA နှင့် UVB တို့ ပေါင်းစပ်ထားခြင်း ဖြစ်သည်။ လူ့အသားအရေပေါ်တွင် UVA နှင့် UVB တို့ တိုက်ရိုက်ထိတွေ့မှုများလျှင် ပါးရေတွန့်ခြင်း၊ တင်းတိတ်အမည်းစက်များ ဖြစ်ပေါ်ခြင်းအပြင် အရေပြား အပူလောင်ခြင်းများ ဖြစ်ပေါ်စေလေသည်။ ထို့ကြောင့် နွေရာသီတွင် ကျွန်ုပ်တို့ ကိုယ်ခန္ဓာသည် ရေဓာတ်ပိုမို လိုအပ်ပေသည်။ ရေဓာတ် ပြန်လည်ဖြည့်တင်းပေးရန်အတွက် ရေများများ သောက်သုံးပေးသင့်သကဲ့သို့ အသီးအနှံများလည်း စားသုံးပေးသင့်ပေသည်။

အသီးအနှံများသည် ကိုယ်ခန္ဓာအတွင်းရှိ ရေဓာတ်များကို ဖြည့်တင်းပေးသကဲ့သို့ ကျန်းမာရေးကိုလည်း အထောက်အကူပြုလေသည်။ ထို့ကြောင့် နွေရာသီတွင် စားသုံးပေးသင့်သည့် အသီးအနှံများကို ဖော်ပြပေးလိုက်ပါသည်။

(၁) သရက်သီး

သရက်သီးသည် ဗီတာမင်အေနှင့် ဗီတာမင်စီဓာတ်ကြွယ်ဝသည့်သစ်သီးဖြစ်သည်။ ထို့အပြင် ကင်ဆာဆဲလ်ကို ကာကွယ်ပေးနိုင်သည့် Beta -carotene ဓာတ်လည်း ပါဝင်လေသည်။ နွေရာသီတွင် စားသုံးပေးသင့်သည့် သစ်သီးတစ်မျိုး ဖြစ်လေသည်။

(၂) နာနတ်သီး

နာနတ်သီးတွင် ဗီတာမင်ဓာတ်၊ အန်တီအောက်စီဒင့်ဓာတ်နှင့် အင်ဇိုင်းဓာတ်များ ရောနှောပါဝင်နေလေသည်။ နွေရာသီတွင် နာနတ်သီးကို စားသုံးပေးခြင်းသည် နေရောင်ကြောင့် အသားအရေလောင်ခြင်း၊ နီရဲခြင်းတို့ကို ကာကွယ်ပေးလေသည်။

(၃)ဖရဲသီး

ဖရဲသီးသည် ရေဓာတ်ကို အကောင်းမွန်ဆုံး ပြန်လည်ဖြည့်တင်းပေးနိုင်သည့် သစ်သီးတစ်မျိုးဖြစ်သည်။ ဖရဲသီးတွင် ဗီတာမင်အေနှင့် ဗီတာမင်စီဓာတ် ပါဝင်လေသည်။ ထို့အပြင် ဖရဲသီးတွင်ပါဝင်သည့် ဓာတ်များသည် အသားအရေကို နေရောင်ဓာတ်မှ ကောင်းမွန်စွာ ကာကွယ်ပေးနိုင်သည်။

(၄) သဘော်သီး

သဘော်သီးဖျော်ရည်ကို အသားများ နူးအောင်ပြုသည့်နေရာတွင် အသုံးပြုသကဲ့သို့ အသားအရေ စိုပြေလှပဖို့အတွက်လည်း အသုံးပြုကြသည်။ သဘော်သီးတွင် ဗီတာမင်စီ၊ ဗီတာမင်အေနှင့် ဗီတာမင်အီးဓာတ်များ ပါဝင်နေသည်။ ၎င်းဓာတ်များသည် နေရောင်ဒဏ်ကြောင့် အသားအရေပျက်စီးမှုကို ကောင်းမွန်စွာ ကာကွယ်ပေးသည်။

(၅) လိမ္မော်သီး

လိမ္မော်သီးသည် ပိုတက်စီယမ်ဓာတ်ကြွယ်ဝသော သစ်သီးဖြစ်သေည်။ လိမ္မော်သီးတစ်လုံး၏ ၈၀ ရာခိုင်နှုန်းသည် ရေဓာတ်ဖြင့် ဖွဲ့စည်းထားသည်။ ထို့ကြောင့် နွေရာသီတွင် လိမ္မော်သီးကို စားသုံးပေးခြင်းသည် ကိုယ်ခန္ဓာအတွင်း လိုအပ်သည့် ရေဓာတ်ကို လျင်မြန်စွာ ပြန်လည်ဖြည့်တင်းပေးသည်။

အထက်တွင်ဖော်ပြခဲ့သည့် သစ်သီးများသည် နွေရာသီအတွက်သင့်လျော်သည့် သစ်သီးများ ဖြစ်သည့်အတွက် ၎င်းတို့ကို စားသုံးပေးခြင်းသည် ကိုယ်ခန္ဓာအတွင်း လိုအပ်သည့်ဓာတ်များနှင့် ချွေးထွက်ခြင်းကြောင့် ဆုံးရှုံးသွားသည့်ဓာတ်များကို ကောင်းမွန်စွာ ပြည်လည်ဖြည့်တင်းပေးနိုင်သည်။ ■

ဆိုင်းတူး
အင်တာနက်မှ ကိုးကားထားသည်

# ပင်ယံနန်းက သဇင်ပန်းနဲ့ နတ်ဆိုးရဲ့ ကျိန်စာ

ကျော်ရင်ဦး ရေးသားသည်






**"ပြည်သူတွေက တစ်ခဲနက် ထောက်ခံတင်မြှောက်ခြင်း ခံထားရတဲ့ အစိုးရကို စော်ကားသူ၊ ပုတ်ခတ်သူတွေဟာ ဒီလိုပဲ ပြည်သူတွေရဲ့ ဒဏ်ခတ်ခြင်းကို ခံရမှာပါပဲ။"**

**မ**ကြာသေးမီက (Asean International Film Festival Award) ရုပ်ရှင်ဆုပေးပွဲမှာ မြန်မာနိုင်ငံက မီ ရုပ်ရှင်ဇာတ်ကားနဲ့ ရွှေကြာ ရုပ်ရှင်ဇာတ်ကားက ဆုတစ်ဆုစီ ရရှိခဲ့ကြပါတယ်။ မီ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးတဲ့ ဒါရိုက်တာဏကြီးနဲ့ ရွှေကြာရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးတဲ့ ဒါရိုက်တာဝိုင်းတို့က ဆုတစ်ဆုစီ ရရှိခဲ့ကြတာပါ။ ဒါရိုက်တာဏကြီးက (Best Director of Photography)ဆု၊ ဒါရိုက်တာဝိုင်းက (Special Jury Award)ဆုတို့ကိုရရှိခဲ့ကြတာ ဖြစ်ပါတယ်။

ဒီဆုပေးပွဲ မတိုင်ခင်က မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရုပ်ရှင်အကယ်ဒမီပေးပွဲမှာတော့ မီရုပ်ရှင်ဇာတ်ကားက ဆုတစ်ဆုမှ မချိတ်နိုင်ခဲ့ဘဲ ဇကာတင်အဆင့်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ရွှေကြာဇာတ်ကားကတော့ အကယ်ဒမီလေးဆု ဆွတ်ခူးရရှိခဲ့ပါတယ်။ အကယ်ဒမီပေးပွဲပြီးနောက်ရက်များမှာတော့မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရှိတဲ့ ရုပ်ရှင်ကြည့်ပရိသတ်များက အကယ်ဒမီပေးပွဲက ထွက်ပေါ်လာတဲ့ ဆုရွေးချယ်မှုကို မကျေနပ်တဲ့အတွက် အကယ်ဒမီပေးပွဲဟာ အဆဲအဆိုခံရမှုများစွာနဲ့ လူမှုကွန်ရက်များပေါ်မှာ ပွက်လောရိုက်သွားခဲ့ပါတယ်။ အဲဒီအကယ်ဒမီပေးပွဲရဲ့ဂယက်ဟာ ဘယ်လောက်တောင် ဖြစ်သွားခဲ့လဲဆိုရင်၊ အကယ်ဒမီပေးပွဲပြီး နောက်တစ်ပတ်မှာ ရုံတင်တဲ့ ဒါရိုက်တာဝိုင်း ရိုက်ကူးတဲ့ "လှပ်၍လွင့်သောကမ္ဘာ"ဆိုတဲ့ ရုပ်ရှင်ကားကို ကြည့်ရှုသူ မရှိဘဲ သပိတ်မှောက်ခံရတဲ့ အထိ ဖြစ်ခဲ့တာပါ။ ပရိသတ်တွေက အကယ်ဒမီပေးပွဲလည်းပြီးရော ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဇင်ဝိုင်းနဲ့ ဒါရိုက်တာဝိုင်းရိုက်ကူးတဲ့ကား မှန်သမျှ မကြည့်ကြနဲ့ဆိုတဲ့ စတေးတပ်တွေ လူမှုကွန်ရက်ပေါ်မှာ ပလူပျံနေခဲ့ပါတယ်။

ဒီလို အဖြစ်အပျက်တွေရဲ့အစဟာ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း ဖြစ်ပျက်ခဲ့တာပါ။ မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုကားတွေကို လူတွေ စိတ်ကုန်လွန်း စိတ်ပျက်လွန်းရာကနေ ပေါကားများ ရပ်ဆိုတဲ့ Campaign တွေကို ဖေ့ဘုတ်စာမျက်နှာများပေါ်မှာ ပြုလုပ်ခဲ့ကြပါတယ်။ မြန်မာရုပ်ရှင်နဲ့ ဗီဒီယိုကားတွေဟာ အရည်အချင်းမရှိဘဲ ပရိသတ်ကို စော်ကားရာရောက်တဲ့ အခြေအနေထိ ညံ့ဖျင်းလာခဲ့ပါတယ်။ အဲဒီအခြေအနေကို စိတ်ပျက်နေခဲ့ကြတဲ့ ရုပ်ရှင်ပရိတ်သတ်များဟာ မမျှော်လင့်ဘဲ သူတို့လိုချင်တဲ့ ရုပ်ရှင်အရည်အသွေးကို ပေးစွမ်းနိုင်တဲ့ အနုပညာရှင်လင်မယားနှစ်ယောက်ကို တွေ့ရှိခဲ့ကြပါတယ်။ အဲဒါကတော့ ခိမောင်နှံလင်မယားပါ။ ဇာဏ်ခီနဲ့ ခရစ္စတီးနားခီတို့ပဲ ဖြစ်ပါတယ်။ သူတို့လင်မယားက ဥပါယ်တံမျဉ်၊ မုဒြာခေါ်သံစတဲ့ ရုပ်ရှင်ကားတွေနဲ့ ပရိသတ်တွေရဲ့ တစ်ခဲနက် အားပေးမှုကို ရရှိခဲ့ကြပါတယ်။ သူတို့ရဲ့ ရုပ်ရှင်ကားတွေဟာ လိုအပ်ချက်တွေ အားနည်းချက်တွေ ရှိကြပါတယ်။ ဒါပေမဲ့ သူတို့ရုပ်ရှင်ကားတွေဟာ မြန်မာနိုင်ငံရဲ့ လက်ရှိ ရိုက်ကူးနေကြဇာတ်ကားတွေနဲ့ကတော့ အတော်လေးကို ကွဲထွက်ပြီး အနုပညာအဆင့်တစ်ခု ရှိပြီး အကောင်းဆုံး ကြိုးစားအားထုတ်ထားကြတဲ့ ရုပ်ရှင်တွေဆိုတာကို ပရိသတ်တွေက သိရှိခံစားမိကြပါတယ်။ ဒါကြောင့်လည်း မြန်မာရုပ်ရှင်ကားတွေကို မကြည့်တာကြာပြီဖြစ်တဲ့ တစ်နိုင်ငံလုံးက ရုပ်ရှင်ပရိသတ်တွေတောင် တကူးတက ကြည့်ရှုအားပေးခြင်းကို ခံခဲ့ကြရတာပါ။ အဲဒီအဖြစ်အပျက်တွေ အပြီးမှာတော့ မြန်မာနိုင်ငံက ရုပ်ရှင်ပရိသတ်တွေရဲ့ ရင်ထဲမှာ ခိမောင်နှံဟာ နေရာ ယူနိုင်ခဲ့ပါတော့တယ်။

ခိမောင်နှံ နာမည်ကြီးလာတဲ့အချိန်၊ ပရိသတ်တွေက ရုပ်ရှင်လူဟောင်းတွေရဲ့ ညံ့ဖျင်းမှုကို ထောက်ပြလာကြတဲ့အချိန်မှာ ရုပ်ရှင်လောကသားတွေဟာ အတော်လေး နေစရာမရှိလောက်အောင် ဖြစ်သွားခဲ့ကြပုံ ရပါတယ်။ တချို့ကလည်း အရင်ကထက်ပိုပြီး ကြိုးစားအားထုတ်လာကြပါတယ်။ ခိမောင်နှံလိုပဲ ရုပ်ရှင်အနုပညာသမား အသစ်တွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ မီရုပ်ရှင်ကားနဲ့ နာမည်ကြီးလာတဲ့ ဒါရိုက်တာဏကြီးနဲ့ သရုပ်ဆောင်ပိုင်ဖြိုးသု။ ည ဇာတ်ကားနဲ့ နာမည်ကြီးလာတဲ့ ဒါရိုက်တာ ထူးပိုင်ဇော်ဦး။ ဒုဋ္ဌဝတီကိုလွန်၍ ဇာတ်ကားနဲ့ နာမည်ကြီးလာတဲ့ ဒါရိုက်တာ အာကာ စတဲ့ အသစ်သစ်သောအနုပညာရှင် လူငယ်တွေ ထွက်ပေါ်လာခဲ့ပါတယ်။ ပရိသတ်တွေကလည်း သူတို့တွေရဲ့အနုပညာတွေကို တစ်ခဲနက်အားပေးလာခဲ့ကြပါတယ်။ အဲဒီလိုအချိန်မှာ ရုပ်ရှင်လောကကြီးကလည်း နှစ်ခြမ်းကွဲသလို ဖြစ်လာပါတယ်။ အသစ်တွေနဲ့ အဟောင်းတွေ တိုက်ပွဲပါပဲ။

၂၀၁၈ ခုနှစ် မတ်လကုန်မှာတော့ ၂၀၁၈ ခုနှစ်အတွက် ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲကြီးကို ကျင်းပခဲ့ပါတယ်။ ဒါပေမဲ့ ပရိသတ်မျှော်လင့်ထားခဲ့တာနဲ့ ရရှိသွားခဲ့ကြသူတွေဟာ တခြားစီဖြစ်နေခဲ့ပါတယ်။ အကယ်ဒမီပေးပွဲပြီးနောက်တစ်ရက်မှာတော့ ဖေ့ဘုတ်ပေါ်မှာ ဆူညံ ပွက်လောရိုက်သွားခဲ့ပြီး ဒါရိုက်တာဝိုင်းကားတွေဆို မကြည့်ကြနဲ့ဆိုတဲ့အထိ ဖြစ်သွားခဲ့ပါတယ်။ ဝိုင်းအတွက် အကယ်ဒမီဆုဟာ နတ်ဆိုးကျိန်စာလို ဖြစ်ခဲ့ရပါတယ်။

ဒီနေရာမှာ ပရိသတ်တွေရဲ့ ဒဏ်ခတ်ခြင်းခံရခြင်း

စာ .. ၁၇ သို့ »

# အန္တရာယ်ရှိ ကျောက်စိမ်းလုပ်ကွက်များကို တူးဖော်ခွင့် ပိတ်ပင်



မေ ၃

**ဖားး**ကန့် ကျောက်စိမ်းတွင်းဒေသတွင် အန္တရာယ်ကျရောက်နိုင်သည့် လုပ်ကွက် ၁၇ ကွက်ကို ရပ်နားထားရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းက ညွှန်ကြားထားကြောင်း ကုမ္ပဏီ အကြီးအကဲတစ်ဦးထံမှ သိရသည်။

အန္တရာယ်ရှိ၍ ရပ်နားထားရန် ညွှန်ကြားခဲ့သည့် ကုမ္ပဏီများမှာ မြရောင်ထွန်း၊ ဘူးဂါး၊ Northern Jade World၊ အင်းဝနေခြည်၊ ကျောက်စိမ်းသံလွင်၊ ရတနာကြယ်ငါးပွင့်၊ စိမ်းအောင်၊ နန်းဦးရတနာ၊ သဃ်နိုဗယ်လတ်၊ လက်လက်ဝင်းနှင့် ဟိန်းအောင်လင်းထက် စသည့် ကုမ္ပဏီများမှ လုပ်ကွက်များဖြစ်ကြောင်း သိရသည်။

ဧပြီလ ၂၂ ရက်နေ့က နွံကန်ပေါက်ကျမှု ဖြစ်စဉ်ကြောင့် လူပေါင်း ၅၀ ကျော် သေဆုံးခဲ့သည့် နောက်ပိုင်းတွင် အဆိုပါ ဦးဆောင်ညွှန်ကြားရေးမှူးက ဖားကန့်ဒေသသို့ ရောက်ရှိလာပြီး ကွင်းဆင်းစစ်ဆေးကာ မော်မောင်းလယန်နှင့် မော်ဝမ်းလေး မှော်များရှိ ကုမ္ပဏီ ၁၁ ခုမှ လုပ်ကွက် ၁၇ ကွက်အား ဧပြီလ ၂၆ ရက်နေ့မှ စတင်ပြီး ရပ်နားထားရန် မှာကြားခဲ့ပြီး နွံကန်အနီး လုပ်ကိုင်နေသည့် လုပ်ကွက်များလည်း အန္တရာယ်ရှိလာပါက ရပ်နားထားရန် ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း) သို့ မှာကြားခဲ့ကြောင်းလည်း သိရသည်။

"MD (ညွှန်ကြားရေးမှူး) ကြီးပြောတာတော့အန္တရာယ်ရှိရင် ရပ်ခိုင်းဖို့ ကျောက်စိမ်းရုံးက ဦးမင်းထွန်းဟန် (ယာယီတာဝန်ခံ)ကို မှာသွားတာပဲ။ အဲဒီလို ကိစ္စမျိုးကျရင် သူ့ဆီကို တင်ပြစရာမလိုဘူး၊ ချက်ချင်းရပ်ဆိုင်းဖို့ မှာခဲ့တယ်။ နောက်ပြီး ကုမ္ပဏီတွေကိုလည်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းကြောင်း အဖွဲ့ခွဲပြီး တစ်ရက်ကို သုံးကြိမ်သတင်းပို့ရမယ်လို့ညွှန်ကြားခဲ့တယ်"ဟု အစည်းအဝေး တက်ရောက်ခဲ့သည့် ကုမ္ပဏီတာဝန်ခံ တစ်ဦးမှ အတည်ပြုပြောကြားသည်။

ဖားကန့်၊ လုံးခင်း ရတနာနယ်မြေတွင် ဧပြီလ ၂၂ ရက်နေ့မှ ၂၅ ရက်အတွင်း နွံကန်ပေါက်ကျမှုနှင့် ကမ်းပါးပြိုကျမှု ၄ ကြိမ်အထိ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၅၈ ဦးအထိ သေဆုံးခဲ့ကာ မိုးရာသီရောက်ရှိပါက ပိုမိုအန္တရာယ် ကျရောက် နိုင်သည်ဟုလည်း ဒေသခံများက ပြောဆိုနေကြသည်။ ■

စည်သူ(မြစ်ကြီးနား)

# နမ္မတီး ကေဘီစီကျောင်းဝင်းတွင် နေထိုင်သော ကဆုန့်စစ်ရှောင်ပြည်သူများ ဂျာကြိုင်စခန်းသစ်သို့ ပြောင်းရွှေ့




မေ ၂

မိုးကောင်းမြို့နယ်၊ နမ္မတီး၊ လမ်းခွကျေးရွာရှိ ကေဘီစီ အသင်းတော် ကျောင်းဝင်းတွင် နေထိုင်သော ကဆုန့် စစ်ရှောင် ပြည်သူများ၏ စစ်ရှောင် တစ်နှစ်ပြည့်ဆုတောင်းပွဲနှင့် ဂျာကြိုင်စခန်းသစ်သို့ ပြောင်းရွှေ့ခြင်း အထိမ်းအမှတ် ဆုတောင်းပွဲကို ဧပြီလ ၃၀ ရက်နေ့တွင် ပြုလုပ်၍ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ယင်းစခန်းသစ်ကို MHF မှ ကူညီထောက်ပံ့ငွေဖြင့် ကေဘီစီအသင်းတော်မှ တာဝန်ယူ တည်ဆောက်ပေးသော စခန်းအဆောင်သစ်ဖြစ်ကြောင်း သိရပြီး အိမ်တန်းလျား အဆောင်ပေါင်း ၂၇ ဆောင် ပါဝင်ကာ အိမ်ဆောင် တစ်ခုလျှင် အခန်း ၅ ခန်းစီဖြင့် ဆောက်လုပ်ထားကြောင့် ကဆုန့်စစ်ရှောင်စခန်းတာဝန်ခံ သိက္ခာတော်ရဆရာတော် ဦးယော်ထုန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

စစ်ရှောင်စခန်း အသစ်တွင် ရေတွင်း ၂ ခု ရှိသော်လည်း သောက်သုံးရေ အခက်အခဲဖြစ်နေကြောင်း၊ လူဦးရေ၅၀၀ကျော်ရှိသဖြင့်ရေလှောင်ကန်လည်း လုံလောက်မှုမရှိကြောင်း၊ ရေချိုးခန်း ၂ ခန်းနှင့် အိမ်သာ ၈ လုံးကို ကေဘီစီမှ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိကြောင်းလည်း ပြောသည်။

"ရေမလောက်တော့ ဆရာတို့အိမ်က ရေလည်း အများဆုံး သုံးဖြစ်တယ်။ စခန်းသစ် ဆုတောင်းပွဲတုန်းက ကေဘီစီက လူကြီးတွေလာတယ်။ လုပ်ပေးမယ်လို့တော့ ပြောသွားတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အလားတူ လျှပ်စစ်မီးအတွက် သိန်း ၆၀ကျော်နီးပါး ကုန်ကျမည်ဖြစ်ပြီး ကေဘီစီမှ ကုန်ကျစရိတ် တစ်ဝက်ခန့်သာ ပေးနိုင်မည်ဖြစ်သဖြင့် ကျန် လိုအပ်သည့်ငွေကြေးအတွက် အလှူရှင်များ လိုအပ်နေကြောင်း စခန်းတာဝန်ခံ ဦးယော်ထုန်က ပြောသည်။

"ကျွန်တော်တို့ မီးအတွက် အလှူရှင် အရမ်းရှာရဦးမှာပါ။ ကျွန်တော်တို့လည်း ဘယ်သူဘယ်ဝါကို ပြောဖို့လည်း မသိဘူးဖြစ်နေတယ်။ ဘယ် အဖွဲ့အစည်း မဆို မီးအတွက် ကူညီပေးပါဦးလို့ တောင်းဆိုချင်ပါတယ်"ဟု ၎င်းကပြောသည်။

စစ်ရှောင်စခန်းပိုပို လိုအပ်မှုများ အများအပြားရှိနိုင်မှန်း သိသော်လည်း အဓိကအားဖြင့် ရေအိမ်သာနှင့် လျှပ်စစ်မီးတို့ကို အဆင်ပြေလိုကြောင်း စစ်ရှောင် ပြည်သူတစ်ဦးက ပြောသည်။

"ပိုက်က သေးနေတာရယ်၊ ပိုက်ခေါင်းတွေ တချို့ မကောင်းတော့ဘူး။ အဓိကတော့ ရေမော်တာ ဟုတ်တယ်။ ၁၀ မိနစ်လောက် ရေတင်လိုက်ရင် မီးက အဆင်မပြေ ဖြစ်သွားပြန်ရော"ဟု စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

ကဆုန့်စစ်ရှောင်ပြည်သူများသည် ကေဘီစီအသင်းတော် လမ်းခွစစ်ရှောင်စခန်းသို့ ၂၀၁၈ ခုနှစ် ဧပြီလက ရောက်ရှိခဲ့ပြီး ယခုအချိန်တွင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# နန်ဆန်ယန်ကျေးရွာမှ စစ်ဘေးရှောင် ပြည်သူများ တတိယအသုတ် နေရပ်ပြန်

မေလ ၂

မြစ်ကြီးနား - ဗန်းမော်ကားလမ်းပေါ်ရှိ နန်ဆန်ယန်ကျေးရွာဘက်တွင် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် မြစ်ကြီးနားမြို့ တစ်ဝိုက်ရှိ စစ်ရှောင်စခန်းများတွင် တိမ်းရှောင်နေရသော ပြည်သူများသည် တတိယအသုတ်အဖြစ် ဧပြီလ ၃၀ရက်နေ့က နန်ဆန်ယန်ကျေးရွာသို့ ပြန်လည်ရွှေ့ပြောင်း နေထိုင်ကြကြောင်း နေရပ်ပြန်ရေး ကူညီပေးနေသူ ဦးဖော်လားကမ်ဖန်က ပြောသည်။

ယင်း နေရပ်ပြန်ပြည်သူ ၅၂ အိမ်ထောင်စုကို တပ်မတော်နှင့် ကချင်ပြည်နယ်အစိုးရဘက်မှ ဦးဆောင်ကာ ပြန်လည် ပို့ဆောင်ပေးခဲ့ကြောင်း ဦးဖော်လားကမ်ဖန်က ပြောသည်။

"အခုလို နေရပ်ပြန်ပြည်သူတွေ ပြန်ပို့ပေးနေတာက အရမ်း ဝမ်းသာပါတယ်။ ကိုယ့်ဒေသနဲ့ကိုယ် နေရတော့ သူတို့လည်း အရမ်းပျော်ရွှင်နေကြပါတယ်" ဟု ဦးဖော်လားကမ်ဖန်မှ ပြောသည်။

စစ်ဘေးရှောင် ပြည်သူများအတွက် တပ်မတော်နှင့် အစိုးရဘက်မှ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ တစ်လစာ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကျန်ရှိနေသေးသော တိုက်ပွဲရှောင် ပြည်သူများ ဆက်လက်နေရာချထားရေးနှင့် ပတ်သက်၍ စစ်ဘေးရှောင်ပြည်သူများကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ နေရပ်သို့ ပြန်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ဘက်မှ ကတိပေးခဲ့ကြောင်း ဖော်လားကမ်ဖန်က ပြောသည်။

နေရပ်သို့ ပြန်လာသော စစ်ရှောင်ပြည်သူများသည် မြစ်ကြီးနားနှင့် ဝိုင်းမော်ရှိ မြို့ပေါ်စစ်ရှောင်စခန်း အသီးသီးတွင် လာရောက်ခိုလှုံခဲ့ကြသော ပြည်သူများဖြစ်သည်။

မြစ်ကြီးနား - ဗန်းမော်လမ်းမပေါ်ရှိ နန်ဆန်ယန်ကျေးရွာသည် ယခင်က အိမ်ခြေ ၂၀၀ ခန့်ရှိခဲ့ပြီး လွန်ခဲ့သည့်၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်က တပ်မတော်နှင့် ကချင် လွတ်လပ်ရေးအဖွဲ့ KIA တို့၏ တစ်ကျော့ပြန် တိုက်ပွဲများကြောင့် ပထမဆုံး နေရပ်စွန့်ခွာ ထွက်ပြေးလာကြသူများ ဖြစ်သည်။ ■

Ah Je

စာ .. ၁၅၊ ပင်ယံနန်းက သခင်ပန်းနဲ့ နတ်ဆိုးရဲ့ ကျိန်စာ မှ»

ဟာ အနုပညာသမားတွေအတွက် ဘယ်လောက်တောင် အထိနာစေသလဲ ဆိုတာကို အနည်းငယ် ပြောလိုပါတယ်။ ခီမောင်နှံ့ နာမည်ကြီးလာတော့ လက်ရှိရုပ်ရှင်လောက က လူဟောင်းတွေဟာ မနာလိုဖြစ်ပြီး အတင်းအုပ်ကျတဲ့ ဖေ့စ်ဘုတ်က Group Chat ပေါက်ကြားမှုဖြစ်ခဲ့ပါတယ်။ အဲဒီထဲမှာ ပါဝင်တဲ့သူ တော်တော်များများမှာ အတော်လေးကိုနာမည်ကြီးပြီး သြဇာရှိတဲ့သူတွေ ပါပါတယ်။ ဥပမာ- ဇာဂနာလို ပုဂ္ဂိုလ်မျိုးပါ။ ဇာဂနာဟာ ခီမောင်နှံ့မပေါ်ခင်ကာလအထိ နိုင်ငံရေးမှာကော ရုပ်ရှင်နယ်ပယ်မှာပါ အတော်လေး သြဇာကြီးတဲ့ ပရိသတ်တွေ ပြည်သူတွေက လေးစားရတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာပရိသတ်တွေရဲ့ရင်ထဲက အသစ်ကိုတောင့်တစိတ်နဲ့ အနုပညာရှင်အစစ်တွေကို လေးစားတဲ့စိတ်ဟာ ဇာဂနာလို ပုဂ္ဂိုလ်ကိုတောင် အတော်လေးအနုပညာအရရော နိုင်ငံရေးအရရော အထိနာစေခဲ့ပါတယ်။ ဇာဂနာရဲ့ ဖေ့ဘုတ်အကောင့်ကို Hacker တွေက ထိန်းသိမ်းခြင်း ခံလိုက်ရတဲ့အဆင့်ထိ ဖြစ်သွားခဲ့ပါတယ်။ ဒါဟာ ပြည်သူတွေ၊ ပရိသတ်တွေရဲ့ ဆန္ဒနဲ့ဆန့်ကျင်ခြင်းရဲ့ ရလာဒ်ဆိုးတွေ ပါပဲ။

နိုင်ငံရေး လောကမှာလည်း ဒီလိုပါပဲ။ ပြည်သူတွေက တစ်ခဲနက် ထောက်ခံတင်မြှောက်ခြင်းခံထားရတဲ့ အစိုးရကို စော်ကားသူ၊ ပုတ်ခတ်သူတွေဟာ ဒီလိုပဲ ပြည်သူတွေရဲ့ ဒဏ်ခတ်ခြင်းကို ခံရမှာပါပဲ။ ပြည်သူတွေရဲ့ လေးစားအားကိုး ချစ်ခင်ယုံကြည်ခြင်းကိုခံရတဲ့ အစိုးရဟာ ဘာလုပ်လုပ် တင့်တယ်ပါတယ်။

ဥပမာအနေနဲ့ ပြောရရင် အရင်က တစ်ခုခုဖြစ်ရင် အစိုးရမကောင်းလို့ ဆိုတာမျိုးနဲ့ အစိုးရကို ဆဲလေ့ရှိပါတယ်။ မီးပျက်တာ၊ ရေကြီးတာ၊ ငလျင်လှုပ်တာ ဘာဖြစ်ဖြစ် အစိုးရမကောင်းလို့ ဆိုပြီးပြောလေ့ရှိပါတယ်။ ဒါပေမဲ့ အခု ပြည်သူက ယုံယုံကြည်ကြည်နဲ့ ခန့်အပ်ထားတဲ့အစိုးရကိုကျတော့ သက်သက်ညှာညှာပဲ ပြောဆိုကြပါတယ်။ အစိုးရရဲ့ လိုအပ်ချက်တွေကိုလည်းဖြည့်တွေးပေးကြပါတယ်။ အကောင်းမြင်စိတ်နဲ့ ကြည့်ကြပါတယ်။

ဒီနေရာမှာ တစ်ခုပြောစရာရှိတာက အခုအစိုးရဟာ ပြည်သူတွေက ခန့်အပ်ထားတဲ့အစိုးရဖြစ်တယ် ဆိုတာပါပဲ။ တစ်ခုတော့ ရှိပါတယ်။ ပြည်သူက ခန့်အပ်ထားတဲ့ အစိုးရဆိုရပေမယ့် ပြည်သူ့ဆန္ဒနဲ့ ဆန့်ကျင်လို့တော့ မဖြစ်ဘူးဆိုတာပါပဲ။ ဥပမာအနေနဲ့ ကြည့်ရင် မြစ်ဆုံကိစ္စကို ပြောရပါလိမ့်မယ်။ မြစ်ဆုံကိစ္စဟာ အလွန်ကို ထိလွယ်ရှလွယ်တဲ့ ကိစ္စပါ။ ပြည်သူတစ်ရပ်လုံးက ဆန့်ကျင်ကန့်ကွက်ကြတဲ့ အရာပါ။ မြစ်ဆုံကိစ္စလိုမျိုးမှာ အစိုးရဟာ ပြည်သူနဲ့ ဆန့်ကျင်ခဲ့မယ် ဆိုရင်တော့ ပြည်သူတွေရဲ့ ဒဏ်ခတ်ခြင်း ခံရပါလိမ့်မယ်။ ဒါပေမဲ့ မြစ်ဆုံကိစ္စဟာ အခုအစိုးရလုပ်ခဲ့တဲ့ ကိစ္စမဟုတ်ဘူး ဆိုတာကိုလည်း ပြည်သူတွေက နားလည်ကြပါတယ်။ ဒါကြောင့်လည်း ပြည်သူတွေဟာ အစိုးရရဲ့မြစ်ဆုံအရေးပေါ် ကိုင်တွယ်မယ့် အနေအထားကို စောင့်ကြည့်နေတာပဲဖြစ်ပါတယ်။ တလောလေးက ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည် အစည်းအဝေးသွားစဉ်ကတော့ မြစ်ဆုံအရေးကို ဆွေးနွေးခဲ့တယ်လို့ မကြားမိပါဘူး။

မြစ်ဆုံအရေးနဲ့ ပတ်သက်ပြီး တချို့လော်ဘီတွေက အခုအစိုးရရဲ့ နိုင်းချိန်နေရတဲ့အနေအထားကို မေးခွန်းတွေ ထုတ်နေခဲ့ကြပါတယ်။ ဒါပေမဲ့လည်း ပြည်သူတွေကတော့ အခုအစိုးရကို ယုံကြည်စိတ်ချဆဲပဲဖြစ်ပါတယ်။ မြစ်ဆုံအရေးနဲ့ပတ်သက်ပြီး နိုဗိုတယ်ဟော်တယ်မှာ ကျင်းပခဲ့တဲ့ပြည်သူ တစ်ဦးလျှင် တစ်ဒေါ်လာစီ လျော်ကြမယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးလည်း ပြည်သူတွေကြားထဲမှာ အမျိုးမျိုးသော အမြင်အယူအဆတွေ ကွဲပြားမှုတွေ ရှိနေခဲ့ကြပါတယ်။ ဒီ ဆွေးနွေးပွဲဟာ အစိုးရက ဦးဆောင်ကျင်းပတာမဟုတ်ဘဲ အရပ်ဘက် အဖွဲ့အစည်းတွေကနေကျင်းပပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

ဒီနေရာမှာ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားခြင်း ခံရတဲ့ အစိုးရနဲ့ ပြည်သူ့ခေါင်းဆောင်ဆိုတဲ့ ပုံရိပ်ဟာ ဘယ်လောက်တောင် သြဇာကြီးလဲဆိုရင် အဲဒီဆွေးနွေးပွဲမှာ ဦးဆောင်ပါဝင်ခဲ့ကြတဲ့ အနုပညာရှင်များ၊ စာပေပညာရှင်များ၊ နယ်ပယ်အသီးသီးမှ နာမည်ကျော်ကြားကြသူများဟာ ပြည်သူတွေရဲ့ပြောဆိုခံရခြင်းကနေ မလွတ်ခဲ့ကြပါဘူး။ သူတို့ဟာ သူတို့ဘာသာဆိုရင် သူတို့နယ်ပယ်မှာ သြဇာရှိပြီး ပရိသတ် ပြည်သူတွေရဲ့ လေးစားခြင်းကိုခံရတဲ့ သြဇာရှိသူတွေဖြစ်ကြပါတယ်။ အရင်အစိုးရလိုမျိုးမှာ သူတို့တွေ ဒီလိုမျိုးလုပ်ကြရင် ပြည်သူတွေက သူတို့ကို ထောက်ခံကောင်း ထောက်ခံကြမှာပါ။ ဒါပေမဲ့ အခုအစိုးရဟာ ပြည်သူတွေ ခန့်အပ်ခြင်းခံထားရတဲ့ပြည်သူ့အစိုးရဖြစ်တဲ့အတွက် သူတို့ရဲ့လှုပ်ရှားမှုဟာ အပြောအဆိုခံရခြင်းတွေနဲ့ သူတို့ရဲ့ ပုံရိပ်တွေတောင် အနည်းငယ် ကျဆင်းသွားခဲ့ကြရပါတယ်။ ပြောချင်တာကတော့ ပြည်သူတွေရဲ့ ယုံကြည်လေးစားခြင်းခံရတဲ့သူတွေနဲ့ သွားပြီးမယှဉ်ပြိုင်မိဖို့ အလွဲအ

စာ .. ၁၈ သို့ »

စာ .. ၁၇၊ ပင်ယံနန်းက သဇင်ပန်းနဲ့ နတ်ဆိုးရဲ့ ကျိန်စာ မှ»

မှားတွေကို မပြုလုပ်မိဖို့ အရေးကြီးပါတယ်။

ဒီနေရာမှာ ဒါရိုက်တာဝိုင်း အာဆီယံဆု ရခဲ့တာနဲ့ ပတ်သက်ပြီး ပြောချင်ပါတယ်။ ဒါရိုက်တာဝိုင်း ရတဲ့ဆုဟာ ပြောရမယ်ဆိုရင်တော့ ရွေးချယ်ရေး ဂျူရီလူကြီးတွေ နှစ်သက်တဲ့ဆုမို့ အထူးဆုပုံစံမျိုးဖြစ်ပါတယ်။ ဘာပဲပြောပြော အာဆီယံအဖွဲ့ကပေးတဲ့ဆုမို့ ဂုဏ်ရှိပါတယ်။ ဒါပေမဲ့ ပရိသတ်တွေဟာ ဒါရိုက်တာဝိုင်းကို အတော်လေး ချဉ်နေခဲ့တာကြောင့် သူ ဆုရခြင်းဟာ တန်ဖိုးမရှိဖြစ်ရပြန်ပါတယ်။ ပရိသတ်တွေရဲ့ အဆဲအဆိုက မလွတ်ဘဲ ဖြစ်ရပြန်ပါတယ်။ ဒါရိုက်တာဏကြီးကိုတော့ ပရိသတ်တွေက ဂုဏ်ယူပြီး ချီးမွမ်းခဲ့ကြပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုရင် ပရိသတ်ပြည်သူတွေ ရင်ထဲမှာရှိတဲ့ ယုံကြည်လေးစားချင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ အားကိုး တန်ဖိုးထားခြင်း စတာတွေနဲ့ ဆိုင်ပါတယ်။

ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေးကို ကြည့်မယ်ဆိုရင်လည်း ဒီအတိုင်းပါပဲ။ ပြည်သူတွေအားကိုး ယုံကြည်ခြင်းခံရတဲ့ အစိုးရနဲ့ ပြည်သူတွေ အားကိုးယုံကြည်ခြင်းမခံရတဲ့ အစိုးရ။ ပြည်သူတွေ ယုံကြည်အားကိုးခြင်းခံရတဲ့ အစိုးရဟာ ပင်ယံနန်းကသဇင်ပန်း ဖြစ်နေမှာဖြစ်ပြီး ပြည်သူတွေ ယုံကြည်အားကိုးခြင်း မခံရတဲ့ အစိုးရကတော့ နတ်ဆိုးရဲ့ကျိန်စာ မိနေအုံးမှာပါပဲ။ ■

စာ .. ၁၁၊ မြောက်ပိုင်းမဟာမိတ် လေးဖွဲ့၏ မူဆယ်တွေ့ဆုံပွဲ မှ»

MNDAA တို့မှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးနိုင်အရေး အပစ်အခတ် ရပ်စဲရေးကာလ ထပ်မံ တိုးမြှင့်ပေးရန် တောင်းဆိုလာခဲ့သည်။

သို့ဖြစ်၍ တပ်မတော်အနေဖြင့် အဆိုပါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တောင်းဆိုချက်အရ ထာဝရငြိမ်းချမ်းရေး ရရှိရေး ဦးတည်လျက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့် ပိုမိုထိမရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများ ၂၀၁၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဟု ထုတ်ပြန်ချက်တွင် ရေးသားဖော်ပြထားသည်။

ထိုသို့ တပ်မတော်မှ သတင်းထုတ်ပြန်ချက် အပေါ် မြောက်ပိုင်းမဟာမိတ်အဖွဲ့မှလည်း မိမိတို့ ၄ ဖွဲ့က အထူးတလည် ထည့်သွင်းဆွေးနွေးတောင်းဆိုခဲ့ခြင်း မရှိကြောင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ULA/AA အဖွဲ့ကို ချန်လှပ်ထားခဲ့ခြင်းမှာ မသင့်တော်သည့်အပြင် မြန်မာ့တပ်မတော်မှ ULA/AAအဖွဲ့ကို ဦးတည်ထိုးစစ်ဆင် တိုက်ခိုက်နေသည့် စစ်ရေးလှုပ်ရှားမှုအားလုံးရပ်ဆိုင်းရန်နှင့် ဆွေးနွေးနေစဉ်ကာလအတွင်း တိုက်ပွဲများ လျော့ကျသွားရန် နှစ်ဦးနှစ်ဖက်မှ ဆောင်ရွက်သင့်ကြောင်း မေလ ၂ ရက်နေ့က မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့၏ သဘောထား ထုတ်ပြန်ချက်တွင် ထည့်သွင်းရေးသားထားသည်။

မူဆယ်မြို့တွင် ကျင်းပခဲ့သည့် အပြုသဘောဆောင်သည့် ရလဒ်များ ရရှိခြင်းနှင့် ကာချုပ်မှ အပစ်အခတ်ရပ်စဲရေးကာလကို ဇွန်လ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သည့် အပေါ် တွင် ကြိုဆိုပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ် တွန်းအားပေးရေးအတွက် မလျော့သောဇွဲဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကလည်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

နိုင်ငံရေးဆွေးနွေးမှုများကို ထပ်ဆင့်တိုးမြှင့်ဆောင်ရွက်ပြီး အပစ်အခတ်ရပ်စဲရေးကာလ အတွင်းတွင်လည်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်တွေ့ကျသော တိုးတက်မှုအသစ်များ ရရှိနိုင်ရန်လည်း မျှော်လင့်သည်ဟု ကြေညာချက်တွင် ရေးသားဖော်ပြခဲ့သည်။

ဧပြီ ၃၀ ရက်နေ့ မူဆယ်ဆွေးနွေးပွဲတွင် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် မြောက်ပိုင်းမဟာမိတ် ၄ ဖွဲ့ ဖြစ်သော KIO ကချင်လွတ်မြောက်ရေး အဖွဲ့၊ MNTJP (မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ) PSLF (ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး) နှင့် ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်)တို့ဖြင့် နံနက် ၉ နာရီမှ စတင်ကာ မူဆယ် - နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည် ■

Salai

## အမည်ပြောင်း အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ ဝေ့ခါကျေးရွာတွင်
နေထိုင်သော ဦးရွှေကို +ဒေါ်အစင်(ပထွန့်စဲင်န်)
သမီးကိုမသီရိအောင်ဟုမှားယွင်းခေါ်
ဆိုနေသောကြောင့် အမည်မှန်မှာ
မလုဘူဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ်၊
ခန်ချိုကျေးရွာတွင်နေထိုင်သော
ဦးစောအောင်ကြီး(၁/မခဘ(နိုင်)၀၀၅၂၈၉) နှင့်
ဒေါ်ဖွဲ့စမ်းဆိုင် (၁/မခဘ(နိုင်)၀၀၅၃၁၉)တို့၏သမီး
မစွဲမြတ်မြတ်နိုင်(ခ)ကလျာ (၁/မခဘ(နိုင်)၀၀၉၄၁၀)သည်
မိဘအပေါ် စိတ်ဆင်းရဲမှုပေးသောကြောင့်
ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး
မစွဲမြတ်မြတ်နိုင်(ခ)ကလျာနှင့် ပတ်သက်သော တစ်စုံတစ်ရာမျှ
တာဝန်ယူပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစောအောင်ကြီး + ဒေါ်ဖွဲ့စမ်းဆိုင်


AKZ GROUP High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# အတိုက်အခံတွေ၊ စိန်ခေါ်မှုတွေကြားက ဝါသနာကြောင့် မိတ်ကပ်ပညာကို လေ့လာခဲ့တယ်ဆိုတဲ့

# Ah Brang



**ဒီအပတ်ရဲ့ အနုပညာကဏ္ဍမှာတော့ မိတ်ကပ်ပညာမှာ အင်မတန်ထူးချွန်ပြောင်မြောက်တဲ့ လက်ရာတွေနဲ့ လူတိုင်းအားကျရတဲ့ မိတ်ကပ်ပညာရှင် ကိုဘရန်အောင် (Ah Brang)နဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားတစ်ခွင် Live Show တွေ၊ အလှမယ်တွေနဲ့ ကချင်အနုပညာရှင် အများအပြားကို မိတ်ကပ်လိမ်းခြယ်ပေးနေတဲ့သူလည်း ဖြစ်ပါတယ်။**

အသက် ၂၈ နှစ်အရွယ် မိတ်ကပ်ဆရာ ကိုဘရန်ဟာ မြစ်ကြီးနားမြို့ ဇာတိဖြစ်ပြီး မိတ်ကပ်ပညာကို ငယ်ငယ်ကတည်းက စိတ်ပါဝင်စားခဲ့တယ်လို့ ဆိုပါတယ်။ တက္ကသိုလ် ပထမနှစ် တက်နေတာကို ရပ်နားပြီး မိမိဝါသနာပါတဲ့ မိတ်ကပ်ပညာကို မလေးရှားနိုင်ငံက Beauty Academy နဲ့ ရန်ကုန်မြို့ရှိ နာမည်ကြီး မိတ်ကပ်ပညာရှင် ညီညီမောင်(စမ်းချောင်း)ဆီမှ သင်ယူခဲ့ပါတယ်။ အခုဆိုရင် ကိုယ့်ဇာတိမြို့ဖြစ်တဲ့ မြစ်ကြီးနားမြို့လေးမှာ မိတ်ကပ်ပညာရှင် တစ်ဦးအနေနဲ့ ရပ်တည်နေပြီး မိတ်ကပ်ဆရာ အဘရန်ရဲ့ ဘဝတစ်လျှောက် ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ၊ မိတ်ကပ်ပညာရှင် တစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေနဲ့ အခြားစိတ်ဝင်စားစရာ အကြောင်းအရာတွေကို မေးမြန်းထားတာတွေကို ပြန်လည်မျှဝေပေးလိုက်ရပါတယ်။

**ပထမဦးဆုံး ကိုယ့်ရဲ့ နာမည်အရင်းလေးနဲ့ မိတ်ဆက်ပေးပါဦး။**

ဘရန်အောင်လို့ ခေါ်ပါတယ်။ အဘရန်တို့က မိသားစုဝင် ခုနှစ်ယောက်ရှိပါတယ်။ မောင်နှမကတော့ ယောကျ်ားလေး လေးယောက်နဲ့ မိန်းကလေး တစ်ယောက်ရှိပါတယ်။

**မိတ်ကပ်၊ အလှပြင်လောကထဲကို ဘယ်အချိန်ကတည်းက စတင်ဝင်ရောက်ဖြစ်ခဲ့တာလဲ။**

မိတ်ကပ် မလိမ်းခင်တုန်းက ဆံပင်ညှပ်တယ်။ တရုတ်ပြည်မှာ နေရင်းနဲ့ ဆံပင်ညှပ်တယ်။ ၂၀၀၇ မှာ တက္ကသိုလ် ပထမနှစ်မှာ ရန်ကုန်ကို သွားပြီးတော့ ကျွန်တော်ရဲ့လက်ဦးဆရာဖြစ်တဲ့ ညီညီမောင်(စမ်းချောင်း)ဆီမှာ သင်တန်းတက်ခဲ့တယ်။ အဲ့ဒီနောက်မှာမှ ၂၀၀၇-၂၀၀၈ လောက်ကနေစပြီး ဒီ မိတ်ကပ်ပညာရှင်ဘဝကို ရောက်ရှိခဲ့တာပါ။

**ကိုယ့်ရဲ့ ဝါသနာအရ ဒီမိတ်ကပ်ပညာကို အသက်မွေးဝမ်းကျောင်းအဖြစ် ရွေးချယ်ဖြစ်ခဲ့ပုံကို ပြောပြပေးပါဦး။**

ငယ်ငယ်ကတည်းကနေ စိတ်ဝင်စားခဲ့တာ ဟုတ်တယ်။ ငယ်ငယ်ကဆိုရင် အိမ်မှာ အမေ၊ အစ်မတွေ အကပွဲရှိပြီဆိုရင် ကိုယ်က လိုက်ခြယ်ပေးချင်တယ်။ အဲ့ဒီလိုမျိုး စိတ်တွေ ရှိတာပေါ့။ ကြီးလာတဲ့ အချိန်မှာကျတော့ မိတ်ကပ်လောကကို အဲ့ဒီလောက်ထိ မဖြစ်ခဲ့ဘူး။ မိတ်ကပ်လောကမှာ ရှိနေတဲ့ သူတွေက တချို့ဆိုရင် ဝါသနာအရမဟုတ်ဘဲနဲ့ စီးပွားအရ လုပ်တဲ့သူတွေ ရှိတယ်။ အစ်ကိုတို့ကကျတော့ ငယ်ငယ်ကတည်းက ဝါသနာပါလို့ လုပ်တာပေါ့နော်။ အစ်ကိုတို့ကကျတော့ ဝါသနာပါလို့လည်း ဒီလောက်ထိ ကိုယ်ဆီအလှလာပြင်တဲ့ လူမျိုးပေါင်းစုံအပေါ် အကုန်လုံးကို အဆင်ပြေအောင် ညှိပြီးတော့မှ လုပ်ပေးရတဲ့ အလုပ်ဆိုတော့ ဒီလောက်ထိ စိတ်ရှည်သည်းခံပြီးတော့ လုပ်ပေးရတာပေါ့။ ကိုယ့်ရဲ့ ဝါသနာအရ ရွေးချယ်ဖြစ်ခဲ့တာပါ။ တကယ် ဝါသနာမပါရင် ဒီလောမှာ ရပ်တည်လို့ မရဘူး။ ဘာလို့ဆို ကျွန်တော်တို့က လူပေါင်းစုံနဲ့ တွေ့ရတယ်။ လူပေါင်းစုံရဲ့ စိတ်နဲ့ ဆက်ဆံရတယ်။ ဝါသနာပါမှ ဖြစ်တယ်ပေါ့လေ။

**ဆံပင်ညှပ်တဲ့ အလုပ်ကနေ ဘာကြောင့် မိတ်ကပ်လိမ်းတဲ့ ပညာကို သင်ယူဖြစ်ခဲ့တာလဲ။**

မိတ်ကပ် မလိမ်းခင် ဆံပင်ညှပ်တာကို နှစ်နှစ်လောက် ကြုံပြီးတော့ ရောက်နေပြီ။ နောက်ပြန်လာပြီးတော့ ဆံပင်ညှပ်တာကနေ မိတ်ကပ်လိုင်း ဝင်သွားတယ်။ ကျွန်တော် နိုင်ငံခြားရောက်သွားတဲ့ အချိန်မှာ အဓိကကတော့ ဆံပင်ညှပ်တာပေါ့လေ။ နောက်ပိုင်း သူငယ်ချင်းတွေက မိတ်ကပ်သင်တန်းတက်ပါလား ဆိုတော့ မိတ်ကပ်သင်တန်း တက်ခဲ့တယ်။ ဆံပင်ညှပ်တဲ့အပိုင်းကို ပိုပြီးတော့ စိတ်ဝင်စားခဲ့တယ်။ နောက်ပိုင်းကျတော့ အော်. . . မိတ်ကပ်လည်း တွဲကြည့်မယ်ဆိုပြီး လုပ်ရင်းနဲ့ မိတ်ကပ်ကတော့ အခုဆိုရင် ကိုယ့်ရဲ့ အဓိက လမ်းကြောင်း ဖြစ်သွားတာပေါ့။ ဒါကတော့ ဘယ်လိုပြောမလဲ. . . လမ်းပြတဲ့ အပေါ်မူတည်ပြီးတော့ ဖြစ်သွားတာပေါ့။ စိတ်ဝင်စားတာတော့ ငယ်ငယ်ကတည်းက မိတ်ကပ်ရော၊ ဆံပင်ညှပ်တာကိုရော စိတ်ဝင်စားတာပါ။ ငယ်ငယ်ကတည်းကနေ ပါရမီပါပဲ။

**မိသားစုထဲမှာရော အလှဖန်တီးတဲ့ အလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်း ပြုတဲ့သူ ရှိလား။**

ကျွန်တော်တို့ မိသားစုမှာက မောင်နှမတွေထဲမှာ မိန်းကလေးတစ်ယောက်ပဲ ပါတယ်။ အကုန်လုံးက ယောကျ်ားသားတွေ ဆိုတော့။ ကျန်တဲ့ သူတွေကတော့ အားလုံး အကြမ်းတွေပဲ။ ကျွန်တော်တစ်ယောက်ထဲပဲ အနုပေါ့နော်။ ငယ်ငယ်ကတည်းက အဲ့ဒီလိုမျိုး ပင်ပန်းရတဲ့ အလုပ်ဆိုရင် သိပ်မကြိုက်တတ်တာလည်း ပါမယ်။ ပြီးရင် သူငယ်ချင်းတွေနဲ့ရော၊ အများနဲ့ပါ စကားပြော ဝင်ဆံ့ရတာတွေကို စိတ်ဝင်စားတယ်။ ဆိုတော့ ကျွန်တော်တစ်ယောက်ထဲပဲ နည်းနည်းနုတဲ့ အထဲပါတယ်။ အိမ်မှာတော့ ညီမလေးကို လက်ဆင့်ကမ်း ပြန်သင်ကြားပေးနေတယ်။

**ဆံပင်ညှပ်နဲ့ မိတ်ကပ်ပညာကို ဘယ်ကနေ သင်ယူဆည်းပူးခဲ့တာလဲ။**

တရုတ်ပြည် မန်ရှီမှာနေတုန်းက ဆံပင်ညှပ် ခြောက်လ သင်တန်းတက်ခဲ့တယ်။ ရွှေလီမှာကတော့ အဒေါ်ရှိတယ်။ သူ့ဆီက နည်းနည်းပါးပါး သင်ပေးတယ်။ ပြီးတော့ မိတ်ကပ်ပညာကိုကျတော့ ကျွန်တော့်ရဲ့ လက်ဦးဆရာ ညီညီမောင်(စမ်းချောင်း)ဆီက သင်ခဲ့တယ်။ နိုင်ငံခြားရောက်တော့ မလေးရှားက Beauty Academy မှာလည်း ပြန်သင်ခဲ့တယ်။ အဲ့ဒီမှာက ရက်တိုသင်တန်း တက်ခဲ့တယ်။

**ဒီ မိတ်ကပ်ပညာလောကကို စဝင်တော့ ခက်ခဲတဲ့ အပိုင်းတွေရော ဘယ်လိုတွေ ရှိခဲ့လဲ။**

ဒီမိတ်ကပ်လောကက စိန်ခေါ်မှုတစ်ခုဆိုရင် အဓိကကတော့ အချိန်ပေါ့။ အချိန်နဲ့ ကုစားသွားရတဲ့ အလုပ်ဟုတ်တယ်။ ကိုယ်က အခုနိုင်ငံခြားက ပြန်လာ၊ ရန်ကုန်မှာ နာမည်ကြီး တကယ့် Professional တွေနဲ့ပဲဖြစ်ဖြစ် ဘယ်သူ့ဆီမှာပဲ သင်လာလာ အခုသင်ပြီး ချက်ချင်းနာမည်ကြီးလာတဲ့ဟာ မဟုတ်ဘူး။ အစ်ကိုတို့ ဟိုအရင် ဒီအလုပ်စလုပ်တုန်းက ကချင်ယောကျ်ားလေး မိတ်ကပ်ဆရာဆိုရင် မရှိသလောက် ရှားတယ်။ အဲ့ဒီတုန်းက စိတ်ခေါ်မှုတွေ အရမ်းရှိခဲ့တယ်။ မိတ်ကပ်လိမ်းစားရင် ဟိုဟာဖြစ်တယ်။ ဒီဟာဖြစ်တယ်နဲ့။ နောက်ပိုင်းကျရင်တော့ အချိန်က ကုစားသွားတဲ့ အချိန်ကျရင် ကိုယ်နာမည်ထွက်ပြီ ကိုယ့်ကိုယ်ကိုတိုင်လည်း နေတတ်သွားတဲ့ အချိန်ကျတော့ အဆင်ပြေသွားပါတယ်။ နေရာတစ်နေရာ ရဖို့ အချိန်အရမ်းရင်းရပါတယ်။ ပြီးတော့ အိမ်မှာ အဖေခွင့်မပြုတာကို ကိုယ့်မှာရှိတဲ့ဟာတွေ အကုန်ရောင်းချပြီးတော့ ရန်ကုန်ကို သွားခဲ့တယ်။ ရန်ကုန်ရောက်ပြီး စားစရာမရှိမှ အိမ်ကို ပြန်မှာစားတာပေါ့လေ(ရယ်လျက်)။ အဲ့ဒီလို အတိုက်အခံကြားက သင်ယူခဲ့တယ်။ အရင်ကဆို အဖေက ဆံပင်ညှပ်တာ ခွင့်ပြုတယ်။ မိတ်ကပ်လိမ်းတာကတော့ ခွင့်မပြုဘူး။ ၂၀၀၉ လောက်မှ ကျွန်တော်တကယ်လုပ်ပြမှပဲ အော်. . . ဒါလည်း ဒီလို ပုံစံလုပ်လို့ ရပါလားဆိုပြီး အဖေက ခွင့်ပြုလာတယ်။

**မိတ်ကပ် အလှပြင်ဆင်ခြင်းက လူတစ်ယောက်အတွက် ဘယ်လောက်ထိ အရေးပါနိုင်မလဲ။**

ပြောရမယ်ဆိုရင် လူတစ်ယောက်က ပွဲတစ်ပွဲသွားတာပဲ ထားလိုက်။ မျက်နှာပြောင်နဲ့ သွားတာနဲ့ လှလှပပ ပြင်ဆင်ပြီး သွားတာက အရမ်းကွာတယ်။ သူက အဲ့ဒီပွဲကို အလှမပြင်ဘဲ သွားလိုက်ခြင်းဖြင့် ပွဲရဲ့ လေးစားမှုပေါ့။ သူ အဲ့ဒီပွဲအပေါ် ဘယ်လောက် အလေးအနက်ထားသလဲ။ သူများရဲ့ ပွဲကို ကိုယ် ဘယ်လောက်ထိ ဂုဏ်ပြုချင်လဲ။ အဲ့ဒီလောက်ထိ အရေးပါတယ်လို့ ထင်မိတယ်။ ဥပမာ- ဆိုင်ဖွင့်ပွဲလို ပွဲတစ်ခုခု သွားတယ်ဆိုရင် မျက်နှာပြောင်သွားတာထက်စာရင် မိန်းကလေးဆိုတာ ပြင်ပြင်ဆင်ဆင်နဲ့ သွားတာ ပိုကောင်းတယ်။ ကိုယ်က လှလှပပသွားခြင်းဖြင့် သူများတွေက အော်. . သူ့ငါ့ပွဲမှာ ကောင်းကောင်းလာပါလား။ သူများပွဲကို လေးစားပါလားဆိုပြီး ကွာခြားမယ်လို့ ထင်ပါတယ်။

**အခုခေတ်မှာ ဆိုရင် မိန်းကလေးသာမက ယောကျ်ားလေးတွေအတွက်ပါ ဒီမိတ်ကပ်လိမ်းခြယ်မှုက အရေးပါလာတဲ့ အပေါ် ဘယ်လိုမြင်မိလဲ။**

မိန်းကလေးတွေ သာမက ယောကျ်ားလေးတွေမှာလည်း ဒီမိတ်ကပ်က အရမ်းအရေးပါ ပါတယ်။ ပြောရမယ်ဆိုရင် ဟိုးအရင်ခေတ်က မင်းသားတွေက မိတ်ကပ်မလိမ်းဘူးဆိုတာက အဲ့ဒီခေတ်က ကင်မရာက မိတ်ကပ်လိမ်းစရာ မလိုဘဲနဲ့ အလင်း၊ အမှောင်ချိန်ပြီး ရိုက်လို့ရတယ်။ ကင်မရာ အမျိုးအစားပေါ် မူတည်တာပေါ့။ အခုခေတ်က HD တွေ ကင်မရာတွေက မိတ်ကပ်မလိမ်းထားရင် ရိုက်လို့မရဘူး။ တကယ့် ကင်မရာကောင်းတွေဆိုရင် အရမ်းကြည်တဲ့ အခါကျတော့ တကယ့်ချွေးပေါက်ကအစ ဆိုတော့ မိတ်ကပ်မလိမ်းထားဘူးဆိုရင် အရမ်းသိသာတယ်။ မိတ်ကပ်လိမ်းထားတဲ့သူနဲ့ တွဲရိုက်လိုက်ကြည့် အသားအရေ ထိုးဖောက်တာချင်း မတူဘူး။ ကင်မရာမှာ ထွက်လာပုံချင်း လုံးဝမတူဘူး။ ပြီးရင် မင်္ဂလာဆောင်တွေမှာ ဆိုရင်လည်း သတို့သားကိုပါ မိတ်ကပ်တွေ ဖို့ပေးရတယ်။ ဟိုလိုမျိုး အင်္ဂတေဖို့သလိုမျိုး ဖို့တာတော့ မဟုတ်ဘူးပေါ့လေ။ မိတ်ကပ်မကြိုက်မှန်းတော့ သိတယ်။ ဒါပေမဲ့ ကင်မရာမှာ သတို့သမီးနဲ့ အရမ်းကြီး ကွဲထွက်မနေအောင် နည်းနည်းပါးပါး မသိမသာလေး ဖို့ပေးရတယ်။ အမျိုးသားတွေလည်း လိမ်းသင့်တယ်။ ငါ ယောကျ်ားပါကွာဆိုပြီး နေလို့ မရဘူး။ သူ့ရဲ့အလိုက်အထိုက် သူ့နေရာနဲ့သူတော့ လိမ်းပေးသင့်တယ်။ နေတိုင်းလိမ်းခိုင်းတာတော့ မဟုတ်ဘူးပေါ့လေ။ ပြီးရင် တချို့ အဆိုတော်ပေါ့နော်၊ လုံးဝ Rocker ။ ပိုစတာ ရိုက်မယ်ဆိုရင် ဒီအတိုင်း သွားရိုက်တယ်။ ဒီအတိုင်းသွားရိုက်တာ ရတယ်။ ဒါပေမဲ့ ပုံထွက်လာလို့ရှိရင် ကြည့်မကောင်းဘူး။ အကုန်လုံးကို ပြောတာတော့ မဟုတ်ဘူး တချို့တလေပေါ့လေ။ ကျွန်တော်တို့က နေ့တိုင်းလုပ်နေတဲ့ အလုပ်တစ်ခုဆိုတော့ သူတို့ ပုံတွေကြည့်ရင် လုံးဝပြည့်ပြည့်စုံတယ်လို့ မမြင်မိဘူး။ အဲ့ဒါကြောင့် မိတ်ကပ်ကတော့ မိန်းကလေးဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ် သူ့နေရာနဲ့ သူတော့ လိမ်းပေးသင့်ပါတယ်။

**တက်သစ်စ မိတ်ကပ်ပညာရှင်လေးတွေကို ဘာများအကြံပေးချင်လဲ။**

စေတနာရှေ့ထားပါ။ အလုပ်လုပ်တဲ့ အချိန် လုံ့လ၊ ဝီရိယထားပြီး အချိန်တိကျပါ။ အချိန်တိကျပြီလားဆိုရင် လူတိုင်းအတွက် အဆင်ပြေတယ်။ လိုတာထက်ပိုပြီး အားစိုက်ပေးရမယ်။ လူတစ်ယောက်ကလေ သူများကို ဂရုစိုက်ပေးရတာ အရမ်း အလုပ်ရှုပ်တယ်။ မှန်တယ်။ ဒါပေမဲ့ အဲ့ဒီ ဂရုစိုက်မှုကို ကိုယ်က သူများထက် ပိုလုပ်ပေးလိုက်ရင် အဆင်ပြေမယ်လို့ ထင်တယ်။ သူများထက် ပိုလုပ်ပေးချင်တယ်။ အားပေးချင်တယ်။ ဒီအလုပ်က စိတ်ရှည်မှ ဖြစ်တဲ့အတွက် သည်းခံပါလို့ ပြောချင်ပါတယ်။ ■

**အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

Benadeth

KGJEAM

# ကချင်ပြည်နယ်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ( မြစ်ကြီးနား )

ကချင်ပြည်နယ်အစိုးရအဖွဲ့ ၊ဝန်ကြီးချုပ်၏လမ်းညွှန်မှု၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ
လုပ်ငန်းရှင်များအသင်းချုပ်(နေပြည်တော်)၏ ပံ့ပိုးကူညီမှုဖြင့် ကချင်ပြည်နယ်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား)မှ
ကြီးမှူးကျင်းပသောဒုတိယအကြိမ်မြန်မာကျပ်ငွေဖြင့် ကျောက်စိမ်းအရောင်းပြပွဲ

**ပြသမည့်နေရာ** - ကချင်ပြည်နယ်ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မြစ်ကြီးနားမြို့)၊ ဇုန် (၁) အရောင်းအဝယ်ရေးစင်တာ၊ စက်မှုဇုန်၊ စီတာပူရပ်ကွက်။ မြစ်ကြီးနားမြို့

(၁၄.၅.၂၀၁၉ မှ ၁၈.၅.၂၀၁၉)ရက်နေ့ထိ



**ပြသရောင်းချမည့် ကျောက်အရည်အသွေး A, B, C, D အဆင့်**

ကျောက်ကြည့်ရက် - (၁၄ - ၁၅ ) ရက်

တင်ဒါဖွင့်ဖောက်ရက် - (၁၆၊ ၁၇၊ ၁၈) ရက်

**ကျောက်တင်ပြရောင်းချလိုသူများကိုလည်း ဖိတ်ခေါ်အပ်ပါသည်။**

ဝင်ခွင့်ကဒ်များကို ကြိုတင်ဆောင်ရွက်ပေးနေပြီ။ လူတစ်ဦးလျှင် ဝင်ခွင့်ကဒ် (၁)ခုသာအသုံးပြုခွင့်ရှိသည်။

ဝင်ခွင့်ကဒ်ပြုလုပ်ရာတွင် လိုအပ်သော အချက်အလက်များ - ငွေ ၃၀၀၀၀ ကျပ်၊ လိုင်စင်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီအမည်

**ဆက်သွယ်ရန် - ၀၉၂၄၀၀၁၈၉၊ ၀၉ ၂၅၆၄၃၀၀၇၉၊ ၀၉ ၇၈၁၀၆၈၂၆၂**

ကျောက်တွဲ ဝယ်ယူလိုသူများ သက်တမ်းရှိသည့် လိုင်စင် တစ်ခုခုရှိရမည်။ (ရတနာလိုင်စင်၊ အရောင်းလိုင်စင်၊ ကုမ္ပဏီလိုင်စင်)

(မှတ်ချက် - အမည်ပျက် စာရင်း လိုင်စင်များ ဝယ်ယူခွင့်ပြုမည်မဟုတ်ပါ)

**ပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် - ၀၉ ၄၄၀၂၂၄၄၇၉၊ ၀၉ ၅၁၈၂၁၇၅၊ ၀၉ ၄၀၀၀၀၀၁၁၈**

FDA ထောက်ခံချက်အမှတ် - စ/၁၃၆၃၄/ထလ

T

# Take

PURIFIED DRINKING WATER

Ro, Ozone system & UV

စိတ်ရော ရုပ်ပါ ကြည်လင်ဖို့

Take ရေသန့်ကိုသောက်ကြစို့ ...

ဆက်သွယ်ရန်

(၄၁/ခ) ဘက်စုံခြံ ၊ မန်ခိန်ရပ်ကွက် ၊ မြစ်ကြီးနားမြို့။

ဖုန်း - ၀၉ ၇၉၀၄၃၃၇၂၆ ၊ ၀၉ ၄၇၀၁၃၁၁၄




MEN Service

အမျိုးသားကျန်းမာရေးဝန်ဆောင်မှု

KEMBANGAN MYITKYINA

အမျိုးသားကျန်းမာရေးဆိုင်ရာ
ဝန်ဆောင်မှုများကို
အမျိုးသားဆရာဝန်နှင့်လွတ်လပ်စွာ
လာရောက်ဆွေးနွေးပြီးခေတ်မီ
ကုထုံးများဖြင့်ကုသမှုခံယူနိုင်ပါပြီ။

အမှတ်-၄၅၃ ၊ အခန်းအမှတ် ၄-၅ ၊
ယုဇနရပ်ကွက် ၊ပြည်ထောင်စုလမ်းမကြီး ၊
ဘုရားလှူပ်စစ်ရုံး မျက်စောင်းထိုး
မြစ်ကြီးနားမြို့ ၊ကချင်ပြည်နယ်

+959 892 952 519
+959 750 113 700





# မြစ်ကြီးနားသတင်းဂျာနယ်

ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ

အပတ်စဉ်
တနင်္လာနေ့တိုင်း ၇၀၀

ကြော်ငြာထည့်သွင်းလိုသူများ
ဆက်သွယ်နိုင်သည်။
၀၉ -၄၀၀၀၄၈၆၈၀၊၀၉ -၄၀၀၀၁၂၁၉၃

လပေးနစ်ချုပ် မှာယူနိုင်သည်။ Email: myitkyinajournal@gmail.com

အမှတ် (၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅၊ ၀၉ - ၂၅၆၃၆၀၂၇၄၊ ၀၉ - ၄၂၀၀၈၅၉၂၈၊ ၀၉ - ၄၅၉၄၅၂၉၀၂